# Information Sheet




**VOLUME I, ISSUE 19** 7 February 2022


| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၂)သို့ တက်ရောက်အမှာစကားပြောကြား | ၁ |
| ၂ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကယားပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများအား တွေ့ဆုံအမှာစကားပြောကြား | ၇ |
| ၃ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကယားပြည်နယ်ရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် တပ်နယ်အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား | ၉ |
| ၄ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကယားပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်၊ ဘာသာရေးအဖွဲ့ခေါင်းဆောင်များနှင့်တွေ့ဆုံ | ၁၄ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅ | ထာဝရငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ်ခြင်းနှင့်<br>စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားသို့ ဖိတ်ကြားခြင်း | ၁၈ |
| ၆ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ရခိုင်ပြည်နယ်အတွင်း<br>လျှပ်စစ်မီးဖြန့်ဖြူးခြင်းဖွင့်ပွဲနှင့် တံတားသစ်ဖွင့်ပွဲများသို့ တက်ရောက်အားပေး | ၂၁ |
| ၇ | အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်<br>စွက်ဖက်ရာရောက်သည့် သတင်းထုတ်ပြန်ချက်များကို ကန့်ကွက်ပယ်ချခြင်း | ၂၄ |
| ၈ | အိုမီခရွန်ရောဂါပိုးထပ်မံတွေ့ရှိမှု အခြေအနေများ | ၂၆ |
| ၉ | ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား<br>တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ | ၂၇ |
| ၁၀ | PDF အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးမှုကြောင့် နေအိမ်များ<br>ပျက်စီးဆုံးရှုံးခဲ့သည့် အင်မထီးကျေးရွာရှိ ရွာသူ/ ရွာသားများအား တာဝန်ရှိသူများက<br>တွေ့ဆုံအားပေး၍ လိုအပ်သည်များ ထောက်ပံ့ပေးအပ် | ၂၉ |
| ၁၁ | PDF အကြမ်းဖက်သမားများက ပညာရေးကဏ္ဍအပေါ် အကြမ်းဖက်တိုက်ခိုက်ခြင်း | ၃၁ |
| ၁၂ | PDF အကြမ်းဖက်သမားများက စစ်ရေးပစ်မှတ်မဟုတ်သည့် ဌာနဆိုင်ရာ<br>အဆောက်အဦများအား ဖောက်ခွဲတိုက်ခိုက်၊ မီးရှို့ဖျက်ဆီး | ၃၂ |
| ၁၃ | ပြည်သူများအား ထိုးနှံပေးမည့် COVID ရောဂါကာကွယ်ဆေး သယ်ဆောင်လာသည့်<br>လူမှုကူညီရေးယာဉ်အား PDF အကြမ်းဖက်သမားများက မိုင်းဆွဲတိုက်ခိုက် | ၃၇ |
| ၁၄ | ဘီးလင်း-နတ်ကြီး ကားလမ်းဘေး၌ လက်လုပ်မိုင်းထောင်နေစဉ်<br>ပေါက်ကွဲမှုဖြစ်ပွား၍ အကြမ်းဖက်သမား ၁ ဦး သေဆုံး | ၃၈ |
| ၁၅ | အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏<br>လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊<br>အကြမ်းဖက်လုပ်ရပ်များအားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား<br>ဆက်လက်ဖော်ထုတ်အရေးယူ | ၃၉ |
| ၁၆ | အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ခဲ့သူများ၊ အကြမ်းဖက်အဖွဲ့အစည်းများနှင့်<br>ဆက်သွယ်ဆောင်ရွက်ထောက်ပံ့နေသူများအား ပြစ်ဒဏ်အသီးသီးချမှတ် | ၄၀ |
| ၁၇ | နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည်အပေါ်<br>အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် ထပ်မံအမှုဖွင့်လှစ်အရေးယူ | ၄၁ |
| ၁၈ | ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလအတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရရှိမှုများ | ၄၂ |

# Information Sheet

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၂)သို့ တက်ရောက်အမှာစကားပြောကြား



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၁/၂၀၂၂)ကို ဖေဖော်ဝါရီလ ၂ ရက်တွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ အမှာစကားပြောကြားရာတွင်-

- ပြီးခဲ့သည့် ၂၀၂၀-၂၀၂၁ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် မိမိတို့အစိုးရ တာဝန်ယူဆောင်ရွက်မှုမှာ ၈ လတာကာလရှိခဲ့ပြီး ယခင်အစိုးရမှ တာဝန်ယူဆောင်ရွက်မှု ၄ လတာကာလရှိခဲ့ကြောင်း၊ မိမိတို့တာဝန်ယူပြီးချိန်နောက်ပိုင်း နိုင်ငံရေးအခြေအနေများကြောင့် နိုင်ငံ၏စီးပွားရေး၊ လုံခြုံရေး အခြေအနေများတွင် အထိုက်အလျောက်သာ တိုးတက်မှုရရှိခဲ့ကြောင်း။
- စီးပွားရေးနှင့်ပတ်သက်၍ သယ်ယူပို့ဆောင်ရေး၊ ထုတ်လုပ်မှုအတွက် လိုအပ်သည့်ကုန်ကြမ်းရရှိရေး၊ သွင်းအားစုများရရှိရေးလိုအပ်ပြီး အပြည့်အဝဆောင်ရွက်နိုင်မှု အားနည်းခဲ့သကဲ့သို့ နိုင်ငံရေးအရဆန္ဒပြမှုများမှတစ်ဆင့် အကြမ်းဖက်သမားများမှ အကြမ်းဖက်လုယက်သတ်ဖြတ်ခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ မီးရှို့ဖျက်ဆီးခြင်းစသည့် အဖျက်အမှောင့်လုပ်ရပ်များအထိ အဆင့်ဆင့်လုပ်ဆောင်လာခဲ့သဖြင့် လုံခြုံရေးအဖွဲ့အစည်းများက ထိန်းသိမ်းဆောင်ရွက်ခဲ့ကြောင်း။
- လက်နက်ကိုင်အဖွဲ့အစည်းများနှင့်ပတ်သက်၍လည်း တပ်မတော်အနေဖြင့် ထိရောက်စွာ ထိန်းသိမ်းဆောင်ရွက်ခဲ့ရခြင်းများရှိကြောင်း၊ အဆိုပါထိန်းသိမ်းဆောင်ရွက်သည့်ဖြစ်စဉ်များအတွင်း အပြစ်မဲ့ပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် နိုင်ငံတော်လုံခြုံရေးအတွက် တာဝန်ထမ်းဆောင်လျက်ရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ ထိခိုက်သေကြေဒဏ်ရာရရှိခဲ့ရမှုများအတွက်လည်း မိမိအနေဖြင့် စိတ်မကောင်းဖြစ်ရပါကြောင်း၊ အဆိုပါဖြစ်စဉ်များကြောင့် နိုင်ငံ၏စီးပွားရေးနှင့်ပတ်သက်ပြီး မိမိတို့အနေဖြင့် ရာနှုန်းပြည့်ဆောင်ရွက်နိုင်မှုအားနည်းခဲ့ပါကြောင်း။
- တာဝန်ထမ်းဆောင်လျက်ရှိသည့် ပြည်ထောင်စုဝန်ကြီးများအနေဖြင့်လည်း ဝေဖန်တိုက်ခိုက်မှုများ၊ ဆူပူမှုများကြားမှ ပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့မှုများကြောင့် ၂၀၂၀-၂၀၂၁ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း အောက်တိုဘာလအထိ ယာယီစာရင်းအရ ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၆၇၇ သန်းရှိခဲ့သည်ကို တွေ့ရှိရကြောင်း။
- ပြည်ပနိုင်ငံများသို့ပို့ကုန်များ ယခုထက်ပိုမိုတင်ပို့နိုင်ရန် လိုအပ်ပြီး သယံဇာတပစ္စည်းများ တင်ပို့ရောင်းချခြင်းထက် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်ပစ္စည်းများကို တင်ပို့ရောင်းချနိုင်ရေး အားပေးဆောင်ရွက်ရန်လိုကြောင်း။



- ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်ရေး ဆောင်ရွက်ရာတွင် လူအင်အားကို အသုံးချဆောင်ရွက်ရခြင်းဖြစ်သဖြင့် နိုင်ငံသားများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိမည်ဖြစ်သောကြောင့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ ယခုထက် ပိုမိုတင်ပို့နိုင်ရေးကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။
- ပြည်ပပို့ကုန်များနှင့်ပတ်သက်၍ မိမိတို့၏အိမ်နီးချင်းနိုင်ငံများဖြစ်ကြသည့် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သို့ မိမိတို့နိုင်ငံမှ ထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို များစွာတင်ပို့နိုင်ကြောင်း။
- အရည်အသွေးပြည့်မီသည့် ထုတ်ကုန်ပစ္စည်းများ တင်ပို့နိုင်မည်ဆိုပါက မိမိတို့ နိုင်ငံအတွက် ပြည်ပဝင်ငွေများစွာရရှိမည်ဖြစ်ကြောင်း၊ ဆန်၊ ပဲ၊ ပြောင်းနှင့် မွေးမြူရေးထုတ်ကုန်များသည် မိမိတို့ပြည်သူများ၏ ၇၀ ရာခိုင်နှုန်းခန့်မှ ဆောင်ရွက်နေသည့် အဓိကစီးပွားရေး အသက်မွေးဝမ်းကြောင်းလုပ်ငန်းများပင်ဖြစ်ကြောင်း။
- ပြည်ပပို့ကုန်များတွင်ပါဝင်သည့် ဝါဂွမ်းစိုက်ပျိုးရေးနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ တွက်ချက်မှုအရ မိမိတို့နိုင်ငံ၏ ဝါဂွမ်းစိုက်ပျိုးမှုသည် မိမိတို့ နိုင်ငံ၏လိုအပ်ချက်ထက် ကျော်လွန်ထုတ်လုပ်နိုင်မှုရှိသည်ဟု သိရှိရကြောင်း။
- သို့ရာတွင် ၂၀၂၁ ခုနှစ်အတွင်း ချည်ထည်နှင့် ဆက်စပ်ပစ္စည်းမျိုးစုံ ပြည်ပမှ အမေရိကန်ဒေါ်လာ ၁,၂၈၀ ဒသမ ၁၅၂ သန်းဖိုးတင်သွင်းခဲ့ရသည်ကို တွေ့ရှိရကြောင်း။
- မိမိတို့နိုင်ငံမှထွက်ရှိသည့် ဝါဂွမ်းများကို ပြည်တွင်း၌ချည်ချောများအဖြစ် ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နိုင်မည်ဆိုပါက ပြည်ပမှတင်သွင်းမှုများ လျော့ကျသွားမည်ဖြစ်ပြီး ပြည်တွင်းလိုအပ်ချက်နှင့် ပြည်တွင်းအထည်ချုပ်လုပ်ငန်းကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း။
- ပထမဦးစားပေးအနေဖြင့် ပြည်တွင်းအဝတ်အထည်လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်ဖြစ်ပြီး ဆက်လက်၍ အထည်ချုပ်လုပ်ငန်းများမှ ပြည်ပနိုင်ငံများသို့ ပို့ကုန်များတင်ပို့နိုင်ရန်လိုကြောင်း။
- ထို့ကြောင့် ပြည်တွင်းရက်ကန်းလုပ်ငန်းများကို အဆင့်မြှင့်တင်ပြီး အရည်အသွေးပြည့်မီသည့် ချည်ထည်များထုတ်လုပ်နိုင်ရန်အတွက် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ဆောင်ရွက်သွားရန်လိုကြောင်း။
- ၂၀၂၁ ခုနှစ်အတွင်း ရာသီဥတုကောင်းမွန်ပြီး မိုးကောင်းစွာရွာသွန်းခဲ့မှုကြောင့် ရေဝင်ရောက်မှုကောင်းမွန်၍ နိုင်ငံတစ်ဝှမ်းရှိဆည်များအတွင်း ရေလုံလောက်စွာ ရရှိခဲ့ကြောင်း။
- သို့သော် အဆိုပါဆည်များမှရေများကို ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများရှိကြောင်း၊ ဆည်များရှိရေများအား ရေအားလျှပ်စစ်ဓာတ်အားသုံးစွဲမှုတစ်ခုတည်းကိုသာမက စိုက်ပျိုးရေးလုပ်ငန်းများတွင်ပါ ထိရောက်စွာ အသုံးချရန်လိုအပ်ကြောင်း။
- မိမိတို့နိုင်ငံတွင်မြစ်ရေတင်နှင့် ဆည်ရေသောက်စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်နေသည့် လယ်ယာမြေများစွာရှိပြီး အဆိုပါလယ်ယာမြေများတွင် ရေစနစ်တကျသုံးစွဲရေးအတွက် ပညာပေးခြင်းများ ဆောင်ရွက်ပေးရန်လိုကြောင်း။
- လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများဆောင်ရွက်ရာတွင် နေရောင်ခြည်စွမ်းအင်သုံးဆိုလာပြားများဖြင့် ဆောင်ရွက်၍ရကြောင်း၊ မြစ်ရေတင်စီမံကိန်းများကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဆိုပါက အညာဒေသများတွင် စိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

- အစိုးရတစ်ရပ်သည် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပြည်သူများ၏ စီးပွားဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မည်ဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ပေးရန် လိုအပ်သဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ဆောင်ရွက်ရန်ရှိသည်များကို ရဲရဲတင်းတင်းဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊
- လျှပ်စစ်မီးနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် လျှပ်စစ်ဓာတ်အားများ လုံလောက်စွာရရှိရေးအတွက် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ လျှပ်စစ်ဓာတ်အားများတိုးတက်ထုတ်လုပ်နိုင်ရန်လိုအပ်သကဲ့သို့ ချွေတာသုံးစွဲရန်လည်း လိုအပ်ကြောင်း။
- ပြည်သူများ၏လူနေမှုဘဝမြင့်မားရေးအတွက် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးသည် ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်ရမည့်လုပ်ငန်းတွင် ပါဝင်ကြောင်း၊ ပြည်သူများ၏ လူနေမှုဘဝ၊ စီးပွားရေးလုပ်ငန်းများ၊ ကုန်ထုတ်လုပ်ခြင်းနှင့် Public Transportation လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် လျှပ်စစ်ဓာတ်အားများ လုံလောက်စွာထုတ်လုပ်နိုင်ရေး ဆက်လက်ဆောင်ရွက်ရန် လိုကြောင်း။

နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ကာကွယ်ရေးစွမ်းပကားမြှင့်တင်ရေးနှင့်ပတ်သက်၍-

- ၂၀၂၂ ခုနှစ်သည် မိမိတို့အတွက် စိန်ခေါ်သည့် နှစ်တစ်နှစ်ဖြစ်ကြောင်း၊ စီးပွားရေးကို ပြန်လည်တည့်မတ်လာအောင် ဆောင်ရွက်ပါက မိမိတို့အပေါ်တွင် ပြည်သူလူထုက ယုံကြည်မှုရှိလာမည်ဖြစ်ကြောင်း။
- မိမိတွင် ရည်မှန်းချက် ၃ ခုရှိကြောင်း၊ ပထမအချက်အနေဖြင့် ၂၀၂၂ ခုနှစ်တွင် တိုင်းပြည်စီးပွားရေးကို တိုးတက်အောင်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဒုတိယအချက်မှာ မိမိတို့၏နိုင်ငံရေး၊ ရှေ့လုပ်ငန်းစဉ်တွင် ဖော်ပြထားသော ပါတီစုံဒီမိုကရေစီစနစ်ဖော်ဆောင်ရေးနှင့်ပတ်သက်၍ ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။
- မြန်မာနိုင်ငံတွင် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများရှိနေ၍ အမျိုးသားစစ်မှုထမ်းဥပဒေကျင့်သုံး၍မရသေးကြောင်း၊ တိုင်းပြည်စီးပွားရေးတိုးတက်ပြီး ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ကျင့်သုံးနိုင်ပြီဆိုပါက တတိယအချက်ဖြစ်သည့် ကာကွယ်ရေးစွမ်းပကားများကို တိုးမြှင့်ရမည်ဖြစ်ကြောင်း။
- ထိုအချိန်မှသာ အမျိုးသားစစ်မှုထမ်းဥပဒေအရ နိုင်ငံသားများစစ်မှုထမ်းရမည်ဖြစ်ကာ တိုင်းပြည်၏အခြေအနေပေါ်မူတည်ပြီး စစ်မှုထမ်းသက်ကို ၁ နှစ် ၆လ ဖြစ်စေ၊ ၂ နှစ်ဖြစ်စေ၊ ၃ နှစ်ဖြစ်စေ သတ်မှတ်မည်ဖြစ်ကြောင်း။
- စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အားနည်းသဖြင့် နိုင်ငံတကာတွင် မျက်နှာငယ်ရကြောင်း၊ နိုင်ငံရေးမကောင်းပါက နိုင်ငံတကာမှ ဖိအားများနှင့်ပြဿနာများပေးကြောင်း၊ စစ်ရေးအရ ကာကွယ်ရေးစွမ်းအားမကောင်းပါက စော်ကားခံရသလို နိုင်ငံ၏ခြိမ်းခြောက်မှုများ လုံခြုံတော့မည်မဟုတ်သည့်အတွက် အဆိုပါအချက် ၃ ချက် တိုးတက်စေရန် မိမိတို့အနေဖြင့် မဖြစ်မနေလုပ်ဆောင်ရမည်ဖြစ်ကြောင်း။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြဆွေးနွေးကြပြီးနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင်-

- နိုင်ငံခြားငွေသုံးစွဲမှုနှင့်စပ်လျဉ်း၍ ယခင်အစိုးရများလက်ထက်တွင် ကုန်သွယ်မှုလိုငွေများရှိခဲ့ပြီး ရေရှည်တွင် ကြွေးမြီပြဿနာများ ကြီးမားလာနိုင်ပါကြောင်း၊ ယင်းကိုကြိုတင်တွက်ဆ၍ ဝန်ကြီးဌာနများအနေဖြင့် နိုင်ငံခြားသုံးငွေကို ခြိုးခြံချွေတာပြီး မဖြစ်မနေသုံးစွဲရမည့်ကိစ္စများတွင်သာ သုံးစွဲကြစေလိုကြောင်း။
- အခွန်အကောက်နှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနများအနေဖြင့် ရသင့်ရထိုက်သည့် အခွန်ငွေများ ရရှိရေးဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပုဂ္ဂလိကထုတ်လုပ်မှု ကဏ္ဍတိုးတက်မှသာ ပြည်ပပို့ကုန်ပိုမိုတင်ပို့နိုင်မည်ဖြစ်ပြီး ယင်းဝင်ငွေမှ နိုင်ငံတော်အတွက် အခွန်ငွေများ ရရှိနိုင်မည်ဖြစ်ကြောင်း၊ အခွန်တိုးမြှင့်ကောက်ခံခြင်းထက် ရသင့်ရထိုက်သော အခွန်အခများ မှန်မှန်ကန်ကန်ရရှိနိုင်ရေး ဝန်ကြီးဌာနများအနေဖြင့် ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။
- ကုန်ဈေးနှုန်းကြီးမြင့်မှု၏ အဓိကအချက်အားဖြင့် သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ်များပြားခြင်းကြောင့်ဖြစ်သဖြင့် အများပြည်သူပို့ဆောင်ရေးစနစ် ကောင်းမွန်အောင် ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ ယင်းစနစ်ကောင်းမွန်ရန် ဆောင်ရွက်ပေးခြင်းအားဖြင့် နိုင်ငံခြားငွေဖြင့် ဝယ်ယူသုံးစွဲနေရသည့် စက်သုံးဆီသုံးစွဲမှုကို ထိထိရောက်ရောက်လျှော့ချနိုင်မည်ဖြစ်ကြောင်း။

- ပြည်တွင်း၌ထုတ်လုပ်သည့် ကုန်ပစ္စည်းများအတွက် ကုန်ကြမ်းများ လုံလုံလောက်လောက်ရရှိနိုင်ရေးနှင့် ဈေးကွက်အတွင်း ဝယ်လိုအားကို ကာမိသည်အထိ တိုးမြှင့်ထုတ်လုပ်ပေးနိုင်ရန်လိုအပ်ကြောင်း။
- ပြည်တွင်းထုတ်လုပ်မှုကို အားပေးမှသာ ကုန်ဈေးနှုန်းကျဆင်းလာမည်ဖြစ်ပြီး ငွေကြေးခိုင်မာမှုရရှိလာမည်ဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ခြင်းသည် တိုင်းပြည်၏စီးပွားရေးကို အထောက်အကူဖြစ်စေပြီး အမျိုးသားအကျိုးစီးပွားကို ကာကွယ်ရာရောက်သည့်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရန် တိုက်တွန်းပါကြောင်း။
- ဝန်ကြီးဌာနများအနေဖြင့် ကျန်ရှိသည့် ဘတ်ဂျက်ကာလအတွင်း တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် မှာကြားခဲ့ကြောင်း သိရှိရပါသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဦးဝဏ္ဏမောင်လွင်၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးဝင်းရှိန်၊ ဦးအောင်နိုင်ဦး၊ ဦးကိုကိုလှိုင်၊ ဒေါက်တာဒေါ်သီတာဦး၊ ဦးမောင်မောင်အုန်း၊ ဦးကိုကို၊ ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဦးခင်မောင်ရီ၊ ဦးအောင်သန်းဦး၊ ဒေါက်တာချာလီသန်း၊ ဦးခင်ရီ၊ ဦးမြင့်ကြိုင်၊ ဒေါက်တာပွင့်ဆန်း၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာမျိုးသိန်းကျော်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမင်းသိန်းဇံ၊ ဦးရွှေလေး၊ ဒေါက်တာ ဒေါ်သက်သက်ခိုင်၊ ဒေါက်တာဌေးအောင်နှင့် ဦးစောထွန်းအောင်မြင့်တို့ တက်ရောက်ခဲ့ကြပါသည်။

**(မြဝတီသတင်းစာ ၃-၂-၂၀၂၂)**

- **ပြည်ပနိုင်ငံများသို့ပို့ကုန်များ ယခုထက်ပိုမိုတင်ပို့နိုင်ရန်လိုအပ်ပြီး သယံဇာတပစ္စည်းများ တင်ပို့ရောင်းချခြင်း ထက် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်ပစ္စည်းများကို တင်ပို့ရောင်းချနိုင်ရေး အားပေးဆောင်ရွက်ရန်။**
- **ထုတ်ကုန်များထုတ်လုပ်ရောင်းချနိုင်ရေးဆောင်ရွက်ရာတွင် လူအင်အားကို အသုံးချဆောင်ရွက်ရခြင်းဖြစ်သဖြင့် နိုင်ငံသားများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိမည်ဖြစ်သောကြောင့် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များ ယခုထက် ပိုမိုတင်ပို့နိုင်ရေးကြိုးပမ်းဆောင်ရွက်ကြရန်။**
- **၂၀၂၁ ခုနှစ်အတွင်း ချည်ထည်နှင့် ဆက်စပ်ပစ္စည်းမျိုးစုံ ပြည်ပမှ အမေရိကန် ဒေါ်လာ ၁,၂၈၀ ဒသမ ၁၅၂ သန်းဖိုး တင်သွင်းခဲ့ရသည်ကို တွေ့ရှိရ။**
- **မိမိတို့နိုင်ငံမှထွက်ရှိသည့် ဝါဂွမ်းများကို ပြည်တွင်း၌ချည်ချောများအဖြစ် ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နိုင်မည်ဆိုပါက ပြည်ပမှတင်သွင်းမှုများ လျော့ကျသွားမည်ဖြစ်ပြီး ပြည်တွင်းလိုအပ်ချက်နှင့် ပြည်တွင်းအထည်ချုပ်လုပ်ငန်းကို များစွာအထောက်အကူပြုမည်ဖြစ်။**
- **ပထမဦးစားပေးအနေဖြင့် ပြည်တွင်းအဝတ်အထည်လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်ဖြစ်ပြီး ဆက်လက်၍ အထည်ချုပ်လုပ်ငန်းများမှ ပြည်ပနိုင်ငံများသို့ ပို့ကုန်များတင်ပို့နိုင်ရန်။**
- **ပြည်တွင်းရက်ကန်းလုပ်ငန်းများကို အဆင့်မြှင့်တင်ပြီး အရည်အသွေးပြည့်မီသည့် ချည်ထည်များထုတ်လုပ်နိုင်ရန်အတွက် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ဆောင်ရွက်သွားရန်။**

- ၂၀၂၁ ခုနှစ်အတွင်း ရာသီဥတုကောင်းမွန်ပြီး မိုးကောင်းစွာရွာသွန်းခဲ့မှုကြောင့် ရေဝင်ရောက်မှုကောင်းမွန်၍ နိုင်ငံတစ်ဝှမ်းရှိဆည်များအတွင်း ရေလုံလောက်စွာ ရရှိခဲ့။
- မိမိတို့နိုင်ငံတွင်မြစ်ရေတင်နှင့် ဆည်ရေသောက်စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်နေသည့် လယ်ယာမြေများစွာ ရှိပြီး အဆိုပါလယ်ယာမြေများတွင် ရေစနစ်တကျသုံးစွဲရေးအတွက် ပညာပေးခြင်းများ ဆောင်ရွက်ပေးရန်။
- အစိုးရတစ်ရပ်သည် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပြည်သူများ၏ စီးပွား ဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မည်ဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ပေးရန်လိုအပ်သဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ဆောင်ရွက်ရန်ရှိသည်များကို ရဲရဲ တင်းတင်းဖြင့် ဆောင်ရွက်ကြရန်။
- လျှပ်စစ်မီးနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် လျှပ်စစ်ဓာတ်အားများ လုံလောက်စွာရရှိရေးအတွက် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ လျှပ်စစ်ဓာတ်အားများ တိုးတက်ထုတ်လုပ်နိုင်ရန်လိုအပ်သကဲ့သို့ ချွေတာ သုံးစွဲရန်။
- ပြည်သူများ၏လူနေမှုဘဝမြင့်မားရေးအတွက် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးသည် ဦးစားပေးအကောင် အထည်ဖော်ဆောင်ရွက်ရမည့်လုပ်ငန်းတွင် ပါဝင်ကြောင်း၊ ပြည်သူများ၏ လူနေမှုဘဝ၊ စီးပွားရေးလုပ်ငန်း များ၊ ကုန်ထုတ်လုပ်ခြင်းနှင့် Public Transportation လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် လျှပ်စစ်ဓာတ်အားများ လုံလောက်စွာထုတ်လုပ်နိုင်ရေး ဆက်လက်ဆောင်ရွက်ရန်။
- မိမိတွင် ရည်မှန်းချက် ၃ ခုရှိကြောင်း၊ ပထမအချက်အနေဖြင့် ၂၀၂၂ ခုနှစ်တွင် တိုင်းပြည်စီးပွားရေးကို တိုးတက်အောင်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဒုတိယအချက်မှာ မိမိတို့၏နိုင်ငံရေး၊ ရှေ့လုပ်ငန်းစဉ်တွင် ဖော်ပြထားသော ပါတီစုံဒီမိုကရေစီစနစ်ဖော်ဆောင်ရေးနှင့်ပတ်သက်၍ ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် ဆောင် ရွက်သွားမည်ဖြစ်ကြောင်း။
- မြန်မာနိုင်ငံတွင်ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများရှိနေ၍ အမျိုးသားစစ်မှုထမ်းဥပဒေကျင့်သုံး၍ မရသေး ကြောင်း၊ တိုင်းပြည်စီးပွားရေးတိုးတက်ပြီး ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ကျင့်သုံးနိုင်ပြီဆိုပါက တတိယအချက်ဖြစ်သည့် ကာကွယ်ရေးစွမ်းပကားများကို တိုးမြှင့်ရမည်ဖြစ်ကြောင်း။
- စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအားနည်းသဖြင့် နိုင်ငံတကာတွင် မျက်နှာငယ်ရကြောင်း၊ နိုင်ငံရေးမကောင်းပါက နိုင်ငံတကာမှ ဖိအားများနှင့်ပြဿနာများပေးကြောင်း၊ စစ်ရေးအရ ကာကွယ်ရေးစွမ်းအားမကောင်းပါက စော်ကား ခံရသလို နိုင်ငံ၏ခြိမ်းခြောက်မှုများလုံခြုံတော့မည်မဟုတ်သည့်အတွက် အဆိုပါအချက် ၃ ချက် တိုးတက်စေရန် မိမိတို့အနေဖြင့် မဖြစ်မနေလုပ်ဆောင်ရမည်ဖြစ်။
- ပြည်တွင်းထုတ်လုပ်မှုကို အားပေးမှသာ ကုန်ဈေးနှုန်းကျဆင်းလာမည်ဖြစ်ပြီး ငွေကြေးခိုင်မာမှု ရရှိလာမည်ဖြစ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၂)တွင် ပြည်ထောင်စုဝန်ကြီးများက တင်ပြဆွေးနွေးနေသည့်မှတ်တမ်းဓာတ်ပုံများ



နိုင်ငံခြားရေးဝန်ကြီးဌာန ဦးဝဏ္ဏမောင်လွင်



ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁)
ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်



ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန
ဦးအောင်နိုင်ဦး



အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန
ဦးကိုကိုလှိုင်



ပြန်ကြားရေးဝန်ကြီးဌာန
ဦးမောင်မောင်အုန်း



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ဦးတင်ထွဋ်ဦး

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကယားပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများအား တွေ့ဆုံအမှာစကားပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ကယားပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများအား ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီလ ၃ ရက်တွင် တွေ့ဆုံအမှာစကားပြောကြားခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာတွင်–

- အကြမ်းဖက်အဖွဲ့များက ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့တွင် ကယားပြည်နယ်ကို သိမ်းပိုက်မည်ဟူသည့် ကြွေးကြော်မှု၊ ခြိမ်းခြောက်မှုများဖြင့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လာခဲ့သော်လည်း သစ္စာရှိနိုင်ငံ့ဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှု၊ ဒေသခံများ၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် တွန်းလှန်နိုင်ခဲ့ကြောင်း။
- ကယားပြည်နယ် တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုး၍ ဖွံ့ဖြိုးတိုးတက်ရေးတွင် အားလုံးပါဝင်ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြရန်လိုကြောင်း။
- ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာနယ်ပယ်အလိုက် ကျွမ်းကျင်ပညာရှင်များနှင့် အမှုထမ်း၊ အရာထမ်းများမှ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပြီး နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသူများက ဆောင်ရွက်ရမည်ဖြစ်၍ အားလုံးပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပြည်နယ်သူ၊ ပြည်နယ်သားတို့၏ လူမှုစီးပွားဘဝတည်ငြိမ်ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်းပြောကြားခဲ့။
- ပြည်နယ်ဝန်ကြီးချုပ်က ကယားပြည်နယ်၏ စီးပွားရေးလုပ်ငန်းများ၊ လမ်းပန်းဆက်သွယ်ရေးဆောင်ရွက်ထားရှိမှု၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးသုံးစွဲနေမှု၊ ကျန်းမာရေး၊ ပညာရေးဆောင်ရွက်မှု၊ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌက ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ပြောကြားရာတွင်–

- နယ်မြေပြန်လည်တည်ငြိမ်အေးချမ်းချိန်တွင် ခေတ္တရပ်နားထားသည့်လုပ်ငန်းများ အရှိန်အဟုန်ဖြင့် စွမ်းအားပြည့်လည်ပတ်နိုင်ရန် ပြင်ဆင်မှုများဆောင်ရွက်ထားရန်လိုကြောင်း၊ ဌာနအလိုက် တစ်နှစ်တာလုပ်ငန်းရည်မှန်းချက်များထားရှိပြီးဖြစ်၍ အောင်မြင်အောင်ဆောင်ရွက်ထားရန်လိုကြောင်း၊
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမျိုးသားရေးရည်မှန်းချက်အဖြစ် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်နေမှု

- တည်ငြိမ်အေးချမ်းမှုသည် ဒေသဖွံ့ဖြိုးမှုအတွက် မဖြစ်မနေလိုအပ်ချက်ဖြစ်သဖြင့် ဌာနဆိုင်ရာများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဒေသခံများအားလုံး ပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားခဲ့ပါသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြကြောင်း သိရှိရပါသည်။

(မြဝတီသတင်းစာ ၄-၂-၂၀၂၂)

- **အကြမ်းဖက်အဖွဲ့များက ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၁၄ ရက်နေ့တွင် ကယားပြည်နယ်ကို သိမ်းပိုက်မည်ဟူသည့် ကြွေးကြော်မှု၊ ခြိမ်းခြောက်မှုများဖြင့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လာခဲ့သော်လည်း သစ္စာရှိနိုင်ငံ့ဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှု၊ ဒေသခံများ၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် တွန်းလှန်နိုင်ခဲ့။**
- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမျိုးသားရေးရည်မှန်းချက်အဖြစ် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိ။**
- **တည်ငြိမ်အေးချမ်းမှုသည် ဒေသဖွံ့ဖြိုးမှုအတွက် မဖြစ်မနေလိုအပ်ချက်ဖြစ်သဖြင့် ဌာနဆိုင်ရာများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဒေသခံများအားလုံး ပူးပေါင်းဆောင်ရွက်သွားကြရန်လို။**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကယားပြည်နယ်ရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် တပ်နယ်အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ကယားပြည်နယ်ရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် မြို့မိမြို့ဖများအား တွေ့ဆုံအမှာစကားပြောကြားနေမှု**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ကယားပြည်နယ်ရှိ တပ်နယ်အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများအား သွားရောက်တွေ့ဆုံခဲ့ပါသည်။

- ဖေဖော်ဝါရီလ ၂ ရက်တွင် ဖားဆောင်း၊ ဘောလခဲ၊ ဖရူဆို တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဘောလခဲမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများအားလည်းကောင်း။
- ဖေဖော်ဝါရီလ ၃ ရက်တွင် ကယားပြည်နယ်ရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများအပြင် လွိုင်ကော်တပ်နယ်နှင့် ဖယ်ခုံတပ်နယ်တို့မှ အရာရှိ၊ စစ်သည်မိသားစုများအားလည်းကောင်း ရင်းရင်းနှီးနှီးတွေ့ဆုံ အမှာစကားပြောကြားခဲ့ပါသည်။

တွေ့ဆုံပွဲအသီးသီး၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အမှာစကားပြောကြားခဲ့ရာတွင်-

- ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှု ၁၀ ဒသမ ၄ သန်းကျော်ဖြင့် အနိုင်ရ NLD ပါတီသည် လွှတ်တော်အသစ်စတင်ရန် ဆောင်ရွက်ခဲ့ပြီး နိုင်ငံတော်အာဏာကို မတရားရယူရန် လုပ်ဆောင်ခဲ့ခြင်းကြောင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၊ ပုဒ်မ ၄၁၇ ၊ ၄၁၈ နှင့် ၄၁၉ တို့အရ နိုင်ငံတော်၏ အာဏာ ၃ ရပ်ကို ထိန်းသိမ်းတာဝန်ယူခဲ့ရကြောင်း။
- နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းခြင်းသာဖြစ်ပြီး အာဏာသိမ်းခြင်းမဟုတ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း ဖျက်သိမ်းခြင်း၊ အသစ်ပြန်လည်ရေးဆွဲခြင်း မရှိခဲ့ကြောင်း။
- ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်သူများဆန္ဒဖြစ်သည့် ပါတီစုံဒီမိုကရေစီစနစ်အတွက် ရည်မျှော်ရေးဆွဲထားပြီး ပြည်သူ ၉၂ ရာခိုင်နှုန်းကျော် ထောက်ခံအတည်ပြုထားသည့် ဥပဒေဖြစ်ကြောင်း။
- ယနေ့တိုင် အချို့အဖွဲ့အစည်း၊ ပြည်တွင်းပြည်ပနိုင်ငံသားအချို့သည် တပ်မတော်မှ အာဏာထိန်းသိမ်းမှုအပေါ် အာဏာသိမ်းခြင်းသာဖြစ်သည်ဟု အယူအဆလွဲမှားနေကြောင်း။
- ဝန်ထမ်းအချို့သည်လည်း ယုံမှားသံသယစိတ်နှင့် ခြိမ်းခြောက်ဖိအားပေးမှုများကြောင့် CDM လှုပ်ရှားမှုတွင် ပါဝင်





**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ကယားပြည်နယ်ရှိ နိုင်ငံ့ဝန်ထမ်းများအတွက် ထောက်ပံ့ပစ္စည်းများနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ကုသရေးဆိုင်ရာပစ္စည်းများ ပေးအပ်နေမှု**

ခဲ့ကြောင်း၊ အလားတူ ပြည်ပနိုင်ငံကြီးအချို့ကလည်း နိုင်ငံရေး၊ စီးပွားရေးအရ ဖိအားပေးပိတ်ဆို့မှုများ ဆောင်ရွက်ခဲ့ကြောင်း။

- ဝန်ထမ်းကောင်းများ၏ စုပေါင်းညီညာအောင်ကြောင်း ဖြာစိတ်ဓာတ်ဖြင့် ၁ နှစ်တာကာလအတွင်း ကြုံတွေ့ခဲ့ရသော ဘက်ပေါင်းစုံမှ အခက်အခဲများကို ကြံ့ကြံ့ခံကာ ရင်ဆိုင်ကျော်လွှားနိုင်ခဲ့ကြောင်း။
- မဲပေးရာတွင် အငြင်းပွားဖွယ်ရာ ကြိုတင်မဲကိစ္စရပ်များအပြင် အချိန်ကျော်လွန်မဲပေးမှုများရှိခဲ့ကြောင်း၊ အချို့သော ကိုယ်စားလှယ်အဖြစ် ဝင်ရောက်ရွေးချယ်ခဲ့သည့် ကိုယ်စားလှယ်များအနေဖြင့် မိမိကိုယ်တိုင်နှင့်မိသားစုမှ ပေးသည့် ထောက်ခံမဲကိုပင် မရရှိသည်အထိ မဲမသမာမှုများ ရှုပ်ထွေးခဲ့ကြောင်း။
- မသင်္ကာဖွယ်ရာမဲရလဒ်များနှင့်ပတ်သက်၍ ရှင်းလင်းပေးရန် တပ်မတော်နှင့် နိုင်ငံရေးပါတီများက တောင်းဆိုခဲ့သော်လည်း မရှင်းလင်းပေးခဲ့ကြောင်း၊ ထိုသို့အခြေအနေများကြောင့် တပ်မတော်အနေဖြင့် ပုဒ်မ ၄၁၇၊ ၄၁၈ နှင့် ၄၁၉ တို့အရ အာဏာ ၃ ရပ်ကိုထိန်းသိမ်းခဲ့ရခြင်းဖြစ်ကြောင်း။
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းခဲ့ရာတွင်လည်း စစ်ဘက်နှင့် အရပ်ဘက်ကို မျှတစွာဖွဲ့စည်း၍ တိုင်းရင်းသားများလည်း ပါဝင်ဖွဲ့စည်းထား ခြင်းဖြစ်ကြောင်း။
- ကိုဗစ်-၁၉ ရောဂါ ပထမလှိုင်းနှင့် ဒုတိယလှိုင်းတို့တွင် ကာကွယ်ဆေးထိုးမှုနှင့်ပတ်သက်သည့် စာရင်းဇယား အားနည်းမှုများရှိခဲ့သော်လည်း ယခုအခါ တစ်နိုင်ငံလုံးတွင် စနစ်တကျမှတ်တမ်းများထားရှိပြီး Webportal တွင် VMIS Program ကိုပင် တင်ထားနိုင်ပြီဖြစ်ကြောင်း။
- ကိုဗစ်တတိယလှိုင်းကာလအတွင်း အောက်ဆီဂျင်လိုအပ်ချက် ကြီးမားစွာဖြစ်ပေါ်ခဲ့ပြီး နိုင်ငံတော်အနေဖြင့် အောက်ဆီဂျင်အပါအဝင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးဆေးပစ္စည်းများ၊ ကာကွယ်ဆေးများနှင့် ကုသဆေးများကို အချိန်မီရရှိအောင် အကောင်းဆုံးထိန်းချုပ်နိုင်ခဲ့သဖြင့် နိုင်ငံတကာနှင့် INGO များကပင် အံ့သြမှင်သက်ကြရသည်အထိ ဖြစ်ခဲ့ကြောင်း။
- အရေးပေါ်ကာလအတွင်း ဖြစ်ပေါ်ခဲ့သည့် ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်း စီးပွားရေးအကြပ်အတည်း၊ နိုင်ငံတကာဖိအားနှင့် အကြမ်းဖက်မှုလုပ်ရပ်များကို ပြည်သူလူထုအားကိုးရယူ၍ နိုင်ငံ့ဝန်ထမ်းကောင်းများ၊ လုံခြုံရေးတပ်ဖွဲ့များပူးပေါင်းပါဝင်မှုဖြင့် ရင်ဆိုင်ကျော်လွှားနိုင်ခဲ့ကြောင်း။
- အရေးပေါ်ကာလပြီးဆုံးပါက လွတ်လပ်ပြီးတရားမျှတသော အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရန်၊ နယ်မြေတည်ငြိမ်အေးချမ်းရန်နှင့် မဲပေးခွင့်ရှိသူအားလုံး မဲပေးနိုင်ရန်လိုသဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့်လည်း ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ်သတ်မှတ်၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။
- အကြမ်းဖက်မှုများရှိနေပါလျှင် ရွေးကောက်ပွဲကျင်းပနိုင်ခြင်းရှိမည်မဟုတ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့်လည်း ပေးထားသည့်ကတိအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှုများရပ်



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဘောလခဲမြို့နယ်ရှိ မြို့မိမြို့ဖများအား တွေ့ဆုံနေမှု**

တန့်သွားသည့်အချိန်မှသာ ရွေးကောက်ပွဲအကြိုကာလ လုပ်ငန်းစဉ်များဖြစ်သည့် မဲစာရင်းကောက်ခံခြင်း၊ မဲဆွယ်စည်းရုံးခြင်း၊ မဲရုံထောင်ခြင်းများအား ကောင်းမွန်မှန်ကန်စွာ လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း။

- အရေးပေါ်ကာလ ဥပဒေအရပြဋ္ဌာန်းချက်ပါ ကိစ္စရပ်များ ဆောင်ရွက်ပြီးပါက ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ အနိုင်ရပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း။
- ပါတီစုံဒီမိုကရေစီစနစ်တွင် လွတ်လပ်၍တရားမျှတသည့် အထွေထွေရွေးကောက်ပွဲသည် အဓိကဖြစ်၍ တရားမျှတမှန်ကန်မှုမှာ အသက်မျှအရေးကြီးကြောင်း၊ သို့မှသာ မှန်မှန်ကန်ကန်ရွေးချယ်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များကို ရွေးချယ်နိုင်မည်ဖြစ်ပြီး ယင်းကိုယ်စားလှယ်များမှတစ်ဆင့် နိုင်ငံအကြီးအကဲနှင့် အစိုးရအဖွဲ့များ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း။
- အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သော NUG၊ CRPH နှင့် လက်ဝေခံ PDF အဖွဲ့တို့သည့် လူမှုကွန်ရက်များမှ မဟုတ်မမှန်ဝါဒဖြန့်မှုများလုပ်ဆောင်လျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် သတင်းမှန်များကို နိုင်ငံပိုင်သတင်းမီဒီယာများမှ တစ်ဆင့် အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ပြသပေးလျက်ရှိကြောင်း။
- ပြည်နယ်အတွင်း ဒေသထွက်ကုန်ကောင်းများစွာရှိ၍ စီးပွားဖြစ်ထုတ်လုပ်၍ ပြည်ပသို့ တင်ပို့နိုင်ခြင်းဖြင့် တစ်ဦးချင်းဝင်ငွေမြင့်မားပြီး ကယားပြည်နယ်၏ GDP တိုးတက်လာမည်ဖြစ်ကြောင်း။
- ကယားပြည်နယ်မှ တိုင်းရင်းသားအားလုံးသည်လည်း ပြည်ထောင်စု၏ ညီအစ်ကိုမောင်နှမများဖြစ်၍ အရေးကြီးခဲ့ချိန်တွင် သွေးစည်းစွာဖြင့် နယ်ချဲ့ကို တွန်းလှန်ခဲ့သည့်သမိုင်းအထောက်အထားများရှိပြီး "စုပေါင်းညီညာအောင်ကြောင်းဖြာ"ဆိုသည့်အတိုင်း ပြည်နယ်သူ၊ ပြည်နယ်သားအားလုံး၏ စည်းလုံးညီညွတ်စွာ ကြိုးပမ်းမှုဖြင့် တည်ငြိမ်၍ မူလအခြေအနေထက် ဖွံ့ဖြိုးတိုးတက်မှု ပိုမိုကောင်းမွန်သော ပြည်နယ်ကြီးတစ်ခုဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်းဖြင့် ပြောကြားခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် တပ်နယ်များရှိ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများအား စားသောက်ဖွယ်ရာများပေးအပ်ခဲ့ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ပါသည်။

**(မြဝတီသတင်းစာ ၄-၂-၂၀၂၂)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက လွိုင်ကော်နှင့် ဖယ်ခုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားနေမှု




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ဖရူဆိုနှင့် ဘောလခဲတပ်နယ်များရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား စားသောက်ဖွယ်ရာများထောက်ပံ့ပေးအပ်နေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ဖားဆောင်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်နေမှု

- ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှု ၁၀ ဒသမ ၄ သန်းကျော်ဖြင့် အနိုင်ရ NLD ပါတီသည် လွှတ်တော်အသစ်စတင်ရန် ဆောင်ရွက်ခဲ့ပြီး နိုင်ငံတော်အာဏာကို မတရားရယူရန် လုပ်ဆောင်ခဲ့ခြင်း ကြောင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ ပုဒ်မ ၄၁၇ ၊ ၄၁၈ နှင့် ၄၁၉ တို့အရ နိုင်ငံတော်၏ အာဏာ ၃ ရပ်ကို ထိန်းသိမ်းတာဝန်ယူခဲ့ရကြောင်း။
- နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းခြင်းသာဖြစ်ပြီး အာဏာသိမ်းခြင်းမဟုတ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း ဖျက်သိမ်းခြင်း၊ အသစ်ပြန်လည်ရေးဆွဲခြင်း မရှိခဲ့ကြောင်း။
- ယနေ့တိုင် အချို့အဖွဲ့အစည်း၊ ပြည်တွင်းပြည်ပနိုင်ငံသားအချို့သည် တပ်မတော်မှ အာဏာထိန်းသိမ်းမှု အပေါ် အာဏာသိမ်းခြင်းသာဖြစ်သည်ဟု အယူအဆလွဲမှားနေကြောင်း။
- ဝန်ထမ်းကောင်းများ၏ စုပေါင်းညီညာအောင်ကြောင်းဖြာစိတ်ဓာတ်ဖြင့် ၁ နှစ်တာကာလအတွင်း ကြုံတွေ့ ခဲ့ရသော ဘက်ပေါင်းစုံမှ အခက်အခဲများကို ကြံ့ကြံ့ခံကာ ရင်ဆိုင်ကျော်လွှားနိုင်ခဲ့ကြောင်း။
- ကိုဗစ်တတိယလှိုင်းကာလအတွင်း အောက်ဆီဂျင်လိုအပ်ချက် ကြီးမားစွာဖြစ်ပေါ်ခဲ့ပြီး နိုင်ငံတော်အနေဖြင့် အောက်ဆီဂျင်အပါအဝင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေး ဆေးပစ္စည်းများ၊ ကာကွယ်ဆေးများနှင့် ကုသဆေးများကို အချိန်မီရရှိအောင် အကောင်းဆုံးထိန်းချုပ်နိုင်ခဲ့သဖြင့် နိုင်ငံတကာနှင့် INGO များကပင် အံ့ဩမှင်သက်ကြရသည်အထိဖြစ်ခဲ့ကြောင်း။
- အရေးပေါ်ကာလပြီးဆုံးပါက လွတ်လပ်ပြီးတရားမျှတသော အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရန်၊ နယ်မြေ တည်ငြိမ်အေးချမ်းရန်နှင့် မဲပေးခွင့်ရှိသူအားလုံး မဲပေးနိုင်ရန်လိုသဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့်လည်း ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ်သတ်မှတ်၍ ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း။
- အရေးပေါ်ကာလ ဥပဒေအရပြဋ္ဌာန်းချက်ပါကိစ္စရပ်များ ဆောင်ရွက်ပြီးပါက ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ အနိုင်ရပါတီ အား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းနိုင်ရေး ဆောင်ရွက်လာရမှာဖြစ်ကြောင်း။
- ပါတီစုံဒီမိုကရေစီစနစ်တွင် လွတ်လပ်၍တရားမျှတသည့် အထွေထွေရွေးကောက်ပွဲသည် အဓိကဖြစ်၍ တရား မျှတမှန်ကန်မှုမှာ အသက်မျှအရေးကြီးကြောင်း၊ သို့မှသာ မှန်မှန်ကန်ကန်ရွေးချယ်ခံရသည့် လွှတ်တော် ကိုယ်စားလှယ်များကို ရွေးချယ်နိုင်မည်ဖြစ်ပြီး ယင်းကိုယ်စားလှယ်များမှတစ်ဆင့် နိုင်ငံအကြီးအကဲနှင့် အစိုးရအဖွဲ့များ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကယားပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်၊ ဘာသာရေးအဖွဲ့ခေါင်းဆောင်များနှင့်တွေ့ဆုံ



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း လွိုင်ကော်မြို့ရှိ မြို့နာမ်ရွှေစေတီတော်အား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်နေမှု**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ကယားပြည်နယ်ဝန်ကြီးချုပ်၊ တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီလ ၃ ရက်တွင် လွိုင်ကော်မြို့ရှိ မြို့နာမ်ရွှေစေတီတော်အား ဖူးမြော်ကြည်ညိုခြင်း၊ သီရိမင်္ဂလာပုံ(ဟော်ကြီး) ကျောင်းဆရာတော်(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ပြည်နယ်သြဝါဒဆရာတော် ဘဒ္ဒန္တစန္ဒိမာအမှူးပြုသော သံဃာတော်များအား ဖူးမြော်ကြည်ညိုကာ သာသနာရေးဆိုင်ရာကိစ္စရပ်များအား တင်ပြလျှောက်ထားခြင်းနှင့် ဆရာတော်များထံမှ ဆုံးမသြဝါဒနာယူခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ထို့နောက် အကြမ်းဖက်သမားများ၏ နှောင့်ယှက်ဖျက်ဆီးမှုများကြောင့် လွိုင်ကော်မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများ၌ ခေတ္တတိမ်းရှောင်ရာမှ နေရပ်သို့ ပြန်လည်ထွက်ခွာကြမည့် ဖရူဆိုမြို့ရှိ ကျေးရွာများနှင့် လွိုင်ကော်မြို့ပေါ်ရပ်ကွက်များမှ တိုက်ပွဲရှောင်ပြည်သူများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပေးအပ်သည့် အဝတ်အထည်များကို ထောက်ပံ့ပေးအပ်ခဲ့ပြီးနောက် လွိုင်ကော်မြို့ရှိ RC ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာ၊ ကေ့ထိုးဘိုး(တံခွန်တိုင်)အဖွဲ့များမှ ဘာသာရေးခေါင်းဆောင်များအား ပြည်နယ်အစိုးရအဖွဲ့ရုံးခန်းမ၌ တွေ့ဆုံခဲ့ပါသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌက–

- ပြည်နယ်အကျိုးအတွက် ဘာသာရေးအသင်းအဖွဲ့များ၏ ပူးပေါင်းပါဝင်ပံ့ပိုးကူညီမှုသည် အရေးကြီးပြီး ဘာသာရေးခေါင်းဆောင်များသည် ဒေသအလိုက်၊ ဘာသာအလိုက် ကိုးကွယ်သူဘာသာဝင်များအပေါ် သက်ရောက်မှုကြီးသူများဖြစ်၍ ဒေသ၏အကျိုးစီးပွားအတွက် ထိရောက်သော စွမ်းဆောင်ပေးနိုင်သူများဖြစ်ကြောင်း။
- ဘာသာရေး၏အဆုံးအမတရားတို့ဖြင့် ဒေသကိုတည်ငြိမ်အေးချမ်းစေရေး ပူးပေါင်းဆောင်ရွက်မှသာ ကယားပြည်နယ်သည် အမြန်ပြန်လည်တည်ငြိမ်အေးချမ်းစေပြီး မူလအခြေအနေအတိုင်း ဖွံ့ဖြိုးစည်ပင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။
- အကြမ်းဖက်မှုများနှင့်ပတ်သက်၍ အေးချမ်းမှုကိုလိုလားသည့် ပြည်သူများ၊ တာဝန်သိဝန်ထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် တားဆီးချေမှုန်းနိုင်မည်ဖြစ်ကြောင်း၊ တိုက်ပွဲဖြစ်ပွားမှုကြောင့် နှစ်ဖက်ထိခိုက်ကျဆုံး၊ သေဆုံးမှုများသည် မိမိတို့တိုင်းရင်းသားများသာဖြစ်၍ နိုင်ငံအတွက် ထိခိုက်ဆုံးရှုံးမှုပင်ဖြစ်ကြောင်း။
- အာဏာသိမ်းခြင်းသည် ရှိပြီးဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်း၍ အာဏာသိမ်းခေါင်းဆောင်နှင့် ပြည်သူ



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တိုက်ပွဲရှောင်ပြည်သူတစ်ဦးအား အဝတ်အထည်များ ထောက်ပံ့ပေးအပ်နေမှု**

အများစုလိုလားသည့် စနစ်တစ်ခုပြောင်းရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ကို ရေးဆွဲအတည်ပြုရသဖြင့် အာဏာပြန်လည်လွှဲပေးနိုင်မှုသည် အာဏာသိမ်းခေါင်းဆောင်အပေါ်တွင် မူတည်ကြောင်း။

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်အာဏာထိန်းခြင်းသည် ပြည်သူနှင့် တပ်မတော်က ထောက်ခံအတည်ပြုသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ဖြစ်နေ၍ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းရန်မလိုဘဲ ဖွဲ့စည်းပုံပါ ဥပဒေများအတိုင်း အရေးပေါ်ကာလပြဋ္ဌာန်းချက်ပါ ကန့်သတ်ကာလအတွင်းသာ အာဏာသုံးရပ်ကို ထိန်းသိမ်းပြီး အရေးပေါ်ကာလပြဋ္ဌာန်းချက်ပါ လုပ်ငန်းစဉ်များကို ဖြေရှင်းပေးနေခြင်းဖြစ်ကာ ရှေ့လုပ်ငန်းစဉ် ၅ ရပ်၏ ပဉ္စမအချက်ပါ လွတ်လပ်၍တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို သတ်မှတ်ကာလအတွင်း ကျင်းပ၍ အနိုင်ရပါတီအား ပြန်လည်လွှဲပြောင်းပေးရမည်သာဖြစ်ကြောင်း။
- ပြည်တွင်းပြည်ပသွေးထိုးမှုများကြောင့် အာဏာသိမ်းမှုဟု အထင်အမြင်လွဲမှားမှုများကို ဘာသာရေးခေါင်းဆောင်များအနေဖြင့် ရှင်းရှင်းလင်းလင်းအသိပေးထိန်းကြောင်းပေးရန်လိုကြောင်း။
- အရေးပေါ်ကာလသည် ဥပဒေမှ အချိန်ကာလကန့်သတ်ချက်ပေးပြီးဖြစ်၍ နိုင်ငံတော်၏လုပ်ဆောင်မှုကို အထင်အမြင်မလွဲစေလိုကြောင်း၊ ငြိမ်းချမ်းရေးအတွက် ထိတွေ့ဆက်ဆံညှိနှိုင်းမှုများဆောင်ရွက်စဉ် ငြိမ်းချမ်းမှု၏ အကျိုးကျေးဇူးကြောင့် အေးချမ်းစည်ပင်စွာဖြင့် ဖွံ့ဖြိုးခဲ့သည်ကို မမေ့ရန်လိုကြောင်း။
- တိုင်းရင်းသားအချင်းချင်း မကျေလည်မှု၊ အမြင်ကွဲလွဲမှုများဖြင့် ဒေသဖွံ့ဖြိုးရန်၊ နိုင်ငံတိုးတက်ရန် မဖြစ်နိုင်၍ ဘာသာမတူညီမှုကို အကြောင်းပြု၍ သဘောထားကွဲလွဲနေ၍မရကြောင်း။
- ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆၂ တွင် "နိုင်ငံတော်သည် ခရစ်ယာန် ဘာသာသာသနာ၊ အစ္စလာမ်ဘာသာသာသနာ၊ ဟိန္ဒူဘာသာသာသနာနှင့် နတ်ကိုးကွယ်သော ဘာသာတို့ကို ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သောနေ့၌ နိုင်ငံတော်တွင် ရှိနေကြသော ကိုးကွယ်ရာဘာသာများဟူ၍ အသိအမှတ်ပြုသည်"ဟု ပြဋ္ဌာန်းထားပြီးဖြစ်၍ တူညီသောအခွင့်အရေးရှိပြီးဖြစ်ကြောင်း ပြောကြားခဲ့။

တက်ရောက်လာကြသည့် ဘာသာရေးအသင်းအဖွဲ့များမှ ခေါင်းဆောင်များက သက်ဆိုင်ရာဘာသာများအလိုက် လိုအပ်သည်များ ဆွေးနွေးတင်ပြကာ ဆုတောင်းစကားများ ပြောကြားခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌက ပြန်လည်ဆွေးနွေးပြောကြား၍ လိုအပ်သည်များဆောင်ရွက်ပေးခဲ့ပြီး တက်ရောက်လာသည့် ဘာသာရေးအဖွဲ့ခေါင်းဆောင်များအား ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ကာ ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ပါသည်။

**(မြဝတီသတင်းစာ ၄-၂-၂၀၂၂)**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ကယားပြည်နယ်ဝန်ကြီးချုပ်တို့က
တိုက်ပွဲရှောင်ပြည်သူများအား အဝတ်အထည်များထောက်ပံ့ပေးအပ်နေမှု

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌသည် အကြမ်းဖက်သမားများ၏ နှောင့်ယှက်ဖျက်ဆီးမှုများကြောင့် လွိုင်ကော်မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများ၌ ခေတ္တတိမ်းရှောင်ရာမှ နေရပ်သို့ ပြန်လည်ထွက်ခွာကြမည့် ဖရူဆိုမြို့ရှိ ကျေးရွာများနှင့် လွိုင်ကော်မြို့ပေါ်ရပ်ကွက်များမှ တိုက်ပွဲရှောင်ပြည်သူများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှပေးအပ်သည့် အဝတ်အထည်များကို ထောက်ပံ့ပေးအပ်ခဲ့။

- ဘာသာရေး၏အဆုံးအမတရားတို့ဖြင့် ဒေသကိုတည်ငြိမ်အေးချမ်းစေရေး ပူးပေါင်းဆောင်ရွက်မှသာ ကယားပြည်နယ်သည် အမြန်ပြန်လည်တည်ငြိမ်အေးချမ်းစေပြီး မူလအခြေအနေအတိုင်း ဖွံ့ဖြိုးစည်ပင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်။

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အရေးပေါ်ကာလ ပြဋ္ဌာန်းချက်ပါ ကန့်သတ်ကာလအတွင်းသာ အာဏာသုံးရပ်ကို ထိန်းသိမ်းပြီး ရှေ့လုပ်ငန်းစဉ် ၅ ရပ်၏ ပဉ္စမအချက်ပါ လွတ်လပ်၍တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို သတ်မှတ်ကာလအတွင်းကျင်းပ၍ အနိုင်ရပါတီအား ပြန်လည်လွှဲပြောင်းပေးရမည်သာဖြစ်။

- ပြည်တွင်းပြည်ပသွေးထိုးမှုများကြောင့် အာဏာသိမ်းမှုဟု အထင်အမြင်လွဲမှားမှုများကို ဘာသာရေးခေါင်းဆောင်များအနေဖြင့် ရှင်းရှင်းလင်းလင်း အသိပေးထိန်းကြောင်းပေးရန်လို။

- တိုင်းရင်းသားအချင်းချင်း မကျေလည်မှု၊ အမြင်ကွဲလွဲမှုများဖြင့် ဒေသဖွံ့ဖြိုးရန်၊ နိုင်ငံတိုးတက်ရန်မဖြစ်နိုင်၍ ဘာသာမတူညီမှုကို အကြောင်းပြ၍ သဘောထားကွဲလွဲနေ၍မရ။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း လွိုင်ကော်မြို့ရှိ ဘာသာရေးအသင်းအဖွဲ့ခေါင်းဆောင်များနှင့်တွေ့ဆုံနေသည့်မှတ်တမ်းဓာတ်ပုံများ




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌက ဟိန္ဒူနှင့် အစ္စလာမ်ဘာသာဝင်များအား အမှာစကားပြောကြားနေမှုနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်နေမှု




တာဝန်ရှိသူများက ဟိန္ဒူနှင့် အစ္စလာမ်ဘာသာဝင်များအား ထောက်ပံ့ပစ္စည်းများပေးအပ်နေမှု




ဟိန္ဒူနှင့် အစ္စလာမ်ဘာသာရေးခေါင်းဆောင်များမှ ကျေးဇူးတင်စကားပြောကြားနေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ဘာသာရေးအသင်းအဖွဲ့ခေါင်းဆောင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်နေမှု

# ထာဝရငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ်ခြင်းနှင့် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားသို့ ဖိတ်ကြားခြင်း

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးတို့သည် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည့် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားသို့ အချိန်မီတက်ရောက်ကြပါရန်နှင့် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနား တက်ရောက်စဉ်ကာလအတွင်း ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေးအတွက် ကျင်းပမည့် ထာဝရငြိမ်းချမ်းရေး အကြိုညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးကြပါရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဖိတ်ကြားထားပါသည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ကြေညာချက်အမှတ် ၁/၂၀၂၂**

**၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်**

**၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်**

**ထာဝရငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ်ခြင်းနှင့်**

**စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားသို့ဖိတ်ကြားခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေးတို့အတွက် ရှေ့လုပ်ငန်းစဉ် ၅ ရပ် ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ရှေ့လုပ်ငန်းစဉ်၏ စတုတ္ထအချက်ဖြစ်သည့် "တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်" ဟု အစိုးရအနေဖြင့် မူဝါဒချထားပါသည်။ အဆိုပါလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်နိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား စဉ်ဆက်မပြတ်အကောင်အထည်ဖော်လျက်ရှိပြီး ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ NCA အတိုင်း အလေးထား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၂။ တပ်မတော်အနေဖြင့် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့မှစ၍ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ထုတ်ပြန်ချက်ပေါင်း အကြိမ်(၂၀)ပြုလုပ်ပေးခဲ့ပြီး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲပေးခဲ့ပါသည်။ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့နှင့် ၈ ရက်နေ့တွင် မြန်မာနိုင်ငံသို့ အလုပ်သဘောရောက်ရှိခဲ့သည့် အာဆီယံအလှည့်ကျဥက္ကဋ္ဌ ကမ္ဘောဒီးယားဝန်ကြီးချုပ်နှင့် တွေ့ဆုံမှုအပြီး နှစ်နိုင်ငံသဘောတူထုတ်ပြန်ချက်တွင် ယခုနှစ်ကုန်ပိုင်းအထိ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ ၂၀၂၂ ခုနှစ် နှစ်သစ်ကူး နှုတ်ခွန်းဆက်စကားတွင် "၂၀၂၂ ခုနှစ်ဟာ အရေးပါတဲ့ နှစ်ပဲဖြစ်ပါတယ်။ လာမယ့်ဖေဖော်ဝါရီလ ၁၂ ရက်နေ့ဟာ စိန်ရတုပြည်ထောင်စုနေ့ဖြစ်ပြီး ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ဟာ စိန်ရတုလွတ်လပ်ရေးနေ့ဖြစ်တဲ့အတွက် နိုင်ငံတော်၏ အချုပ်အခြာအာဏာ ပိုမိုခိုင်မာစေဖို့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ခြင်း အသီးအပွင့်တွေနဲ့ ပြည့်စုံဖို့ အရေးကြီးပါတယ်။ ဒါ့ကြောင့် ဒီနှစ်မှာ ငြိမ်းချမ်းရေးအတွက် ခြေလှမ်းသစ်များစရပါမယ်။ ကျွန်တော်တို့ရဲ့ ရှေ့လုပ်ငန်းစဉ် ၅ ရပ် စတုတ္ထအချက်ထဲမှာလည်း ဖော်ပြပြီးဖြစ်လို့ သက်ဆိုင်သူများ၊ အဖွဲ့အစည်းများအားလုံး ငြိမ်းချမ်းရေးအတွက် ဆွေးနွေးနိုင်ဖို့ ဖိတ်ခေါ်လိုပါတယ်" ဟုပြောကြားခဲ့ပြီးဖြစ်သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့သည်မှာ ၇၅ နှစ်ခန့်ရှိပြီးဖြစ်သော်လည်း ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကြောင့် နိုင်ငံတော်၏ အချုပ်

အခြေခံအဆောက်အအုံနှင့် အမာမှုနှင့် တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်ရေးမှာ ရှိသင့်သလောက်မရှိဘဲ ခွန်အားများ၊ စွမ်းအားများ ဆုံးရှုံးလျက်ရှိပါသည်။ ၎င်းခွန်အား၊ စွမ်းအားများကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းအားပြည့်အသုံးပြုနိုင်ရန်အတွက် ထာဝရငြိမ်းချမ်းရေးရရှိဖို့လိုအပ်ပါသည်။

၄။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေးအတွက် ထာဝရငြိမ်းချမ်းရေးရရှိရေးသည် လွန်စွာအရေးကြီးပါသည်။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရေးနှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီအများစုမှလည်း ၅ နှစ်အတွင်း ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး ဦးတည်ဆွေးနွေးခဲ့ကြပါသည်။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ညှိနှိုင်းရေးကော်မတီ ၃ ရပ်ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။ ငြိမ်းချမ်းရေးဆိုင်ရာ ညှိနှိုင်းရေးကော်မတီသည် ယနေ့အထိ NCA လက်မှတ်ရေးထိုးပြီးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် (၁၆)ကြိမ်၊ NCA လက်မှတ်ရေးထိုးထားခြင်းမပြုသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် (၉)ကြိမ်၊ နိုင်ငံရေးပါတီများနှင့် (၇)ကြိမ်၊ ဘာသာရေးခေါင်းဆောင်များ၊ ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့များနှင့် (၂)ကြိမ်၊ စုစုပေါင်း(၃၄)ကြိမ် တွေ့ဆုံခဲ့ပါသည်။

၅။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ထာဝရငြိမ်းချမ်းရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆွေးနွေးပွဲများပြုလုပ်နိုင်ရေး ဆက်လက်စီမံဆောင်ရွက်လျက်ရှိပါသည်။ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့်အဖွဲ့အစည်းများမှအပ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသာမက NCA လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုပါ ထာဝရငြိမ်းချမ်းရေးအတွက် ဆွေးနွေးရန်ဖိတ်ခေါ်ပါသည်။ ထိုသို့ ငြိမ်းချမ်းရေးဆွေးနွေးရာတွင် ဆွေးနွေးမည့်အကြောင်းအရာများနှင့်ပတ်သက်၍ ကြိုတင်ကန့်သတ်ချက်မထားဘဲ တတ်နိုင်သလောက် လွတ်လွတ်လပ်လပ်နီးနှောဖလှယ်နိုင်ရန် ရည်ရွယ်ချက်ထားရှိကြောင်းလည်း အလေးထားဖော်ပြအပ်ပါသည်။

၆။ နိုင်ငံတော်၏ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်(၃)ရပ်အနေဖြင့် အမျိုးသားရေးလုပ်ငန်းစဉ် ၂ ရပ်မှာ "တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး" ဖြစ်ပြီး နိုင်ငံရေးလုပ်ငန်းစဉ် ၂ ရပ်မှာ "စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီ စနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး" ဖြစ်ပါသည်။ သို့ဖြစ်၍ ငြိမ်းချမ်းရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးလုပ်ငန်းစဉ်အဖြစ် ယခုနှစ်မှစ၍ ငြိမ်းချမ်းရေးအတွက် ခြေလှမ်းသစ်များစတင်မည်ဖြစ်ပါသည်။

၇။ မိမိတို့နိုင်ငံ၏ ပြည်တွင်းရေးဖြစ်သည့် သမိုင်းအစဉ်အဆက်ဖြစ်ပေါ်တည်ရှိလာသည့် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းနိုင်ရေးအတွက် ဒီမိုကရေစီကျင့်စဉ်များနှင့်အညီ စေ့စပ်ညှိနှိုင်းအဖြေရှာရေးနည်းလမ်းဖြင့် ထာဝရငြိမ်းချမ်းရေးကို ရှေးရှုဆွေးနွေးသွားကြမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ စိန်ရတုပြည်ထောင်စုနေ့နှင့် ကြုံကြိုက်သည့် အခါသမယတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးတို့သည် စည်ကားသိုက်မြိုက်စွာ ကျင်းပမည့် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားသို့ အချိန်မီတက်ရောက်ကြပါရန်နှင့် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားတက်ရောက်စဉ်ကာလအတွင်း ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေးအတွက် ကျင်းပမည့် ထာဝရငြိမ်းချမ်းရေးအကြိုညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးကြပါရန် အထူးဖိတ်ကြားအပ်ပါသည်။ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးကလည်း နိုင်ငံတော်အစိုးရ၏ ထာဝရငြိမ်းချမ်းရေးအတွက် လွတ်လပ်ပြီး ကြိုတင်ကန့်သတ်ချက်မထားသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲနှင့် စိန်ရတုပြည်ထောင်စုနေ့သို့ သက်ဆိုင်သူအားလုံးတက်ရောက်နိုင်ရေး ဝိုင်းဝန်းအကျိုးဆောင်ပေးနိုင်ပါရန် တိုက်တွန်းနှိုးဆော်မေတ္တာရပ်ခံအပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**(မြဝတီသတင်းစာ ၇-၂-၂၀၂၂)**

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ်၏ စတုတ္ထအချက်ဖြစ်သည့် "တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်" ဟု မူဝါဒချထား။
- မြန်မာနိုင်ငံတွင် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကြောင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာခိုင်မာမှုနှင့် တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်ရေးမှာ ရှိသင့်သလောက်မရှိဘဲ ခွန်အားများ၊ စွမ်းအားများ ဆုံးရှုံးလျက်ရှိပြီး ၎င်းခွန်အား၊ စွမ်းအားများကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းအားပြည့်အသုံးပြုနိုင်ရန်အတွက် ထာဝရငြိမ်းချမ်းရေးရရှိဖို့ လိုအပ်။
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် အဖွဲ့အစည်းများမှအပ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသာမက NCA လက်မှတ်မရေးထိုးရသေးသည့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုပါ ထာဝရငြိမ်းချမ်းရေးအတွက် ဆွေးနွေးရန်ဖိတ်ခေါ်။
- ငြိမ်းချမ်းရေးဆွေးနွေးရာတွင် ဆွေးနွေးမည့်အကြောင်းအရာများနှင့်ပတ်သက်၍ ကြိုတင်ကန့်သတ်ချက်မထားဘဲ တတ်နိုင်သလောက် လွတ်လွတ်လပ်လပ်နှီးနှောဖလှယ်နိုင်ရန် ရည်ရွယ်ချက်ထားရှိကြောင်းလည်း အလေးထားဖော်ပြအပ်။
- မိမိတို့နိုင်ငံ၏ ပြည်တွင်းရေးဖြစ်သည့် သမိုင်းအစဉ်အဆက်ဖြစ်ပေါ် တည်ရှိလာသည့် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းနိုင်ရေးအတွက် ဒီမိုကရေစီကျင့်စဉ်များနှင့်အညီ စေ့စပ်ညှိနှိုင်းအဖြေရှာရေးနည်းလမ်းဖြင့် ထာဝရငြိမ်းချမ်းရေးကို ရှေးရှုဆွေးနွေးသွားကြမည်ဖြစ်သဖြင့် စိန်ရတုပြည်ထောင်စုနေ့နှင့် ကြုံကြိုက်သည့် အခါသမယတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးတို့သည် စည်ကားသိုက်မြိုက်စွာ ကျင်းပမည့် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားသို့ အချိန်မီတက်ရောက်ကြပါရန်နှင့် ယင်းအခမ်းအနားတက်ရောက်စဉ်ကာလအတွင်း ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေးအတွက် ကျင်းပမည့် ထာဝရငြိမ်းချမ်းရေးအကြိုညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးကြပါရန် အထူးဖိတ်ကြားအပ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ရခိုင်ပြည်နယ်အတွင်း လျှပ်စစ်မီးဖြန့်ဖြူးခြင်းဖွင့်ပွဲနှင့် တံတားသစ်ဖွင့်ပွဲများသို့ တက်ရောက်အားပေး



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်သည့် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒေါ်အေးနုစိန်နှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်းတို့က ရာမောင်တံတား ကမ္ပည်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးနေမှု**

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ဝါဘိုကျေးရွာအား မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးစတင်ဖြန့်ဖြူးခြင်းဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၄ ရက်တွင်လည်းကောင်း၊ (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ်အတွင်း ရန်ကုန်-စစ်တွေသွား ကားလမ်းပေါ်တွင် အသစ်တည်ဆောက်ပြီးစီးသည့် ရာမောင်တံတားဖွင့်ပွဲကို ဖေဖော်ဝါရီလ ၅ ရက်တွင်လည်းကောင်း ကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒေါ်အေးနုစိန်၊ ဖဒိုမန်းငြိမ်းမောင်၊ ဦးမောင်းဟာ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

လျှပ်စစ်မီးလုံလောက်စွာ ရရှိသုံးစွဲနိုင်ရေးနှင့်ပတ်သက်၍ ရခိုင်ပြည်နယ်အတွင်း ကျေးရွာပေါင်း ၃,၇၄၂ ရွာရှိသည့်အနက် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလအထိ ဓာတ်အားစနစ်၊ ဆိုလာစနစ်၊ ဒီဇယ်စနစ်စသော နည်းလမ်းများဖြင့် ကျေးရွာပေါင်း ၂,၂၄၆ ရွာ မီးရရှိခဲ့ပြီးဖြစ်ရာ ၆၀ ရာခိုင်နှုန်းခန့် လျှပ်စစ်မီးသုံးစွဲနိုင်ခဲ့ပြီးဖြစ်ပါသည်။

ရခိုင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေးလွယ်ကူချောမွေ့စွာ သွားလာနိုင်ရန်ရည်ရွယ်၍ မြောက်ဦးခရိုင်၊ မင်းပြားမြို့နယ်၌ Steel Box Ginder Type ပုံစံဖြင့် တည်ဆောက်ထားသော ငွေကျပ် ၁၂,၀၀၀ သန်းတန်ဖိုးရှိ ရာမောင်တံတားသစ်သည် ၁,၂၈၃ ဒသမ ၃ ပေရှည်ပြီး အဆိုပါတံတားသစ်အား အသုံးပြုခြင်းအားဖြင့် ရန်ကုန်-စစ်တွေ လမ်းမှတစ်ဆင့် မင်းပြား၊ မြောက်ဦး၊ ကျောက်တော်၊ ပုဏ္ဏားကျွန်းမှ စစ်တွေမြို့သို့လည်းကောင်း၊ ထိုမှတစ်ဆင့် ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောမြို့များသို့လည်းကောင်း အလွယ်တကူသွားလာနိုင်မည်ဖြစ်သကဲ့သို့ မောင်တောမြို့မှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ကုန်စည်များကို အလွယ်တကူတင်ပို့နိုင်မည်ဖြစ်ပါသည်။ ထို့ပြင် မင်းပြားမှတစ်ဆင့် ပေါက်တောမြို့နှင့် မြေပုံမြို့တို့သို့ လွယ်ကူလျင်မြန်စွာ သွားလာနိုင်မည်ဖြစ်၍ ကုန်စည်စီးဆင်းမှု မြန်ဆန်လာပြီး ရခိုင်ပြည်နယ်နှင့်ဒေသ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးအခြေအနေများ တိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၅-၂-၂၀၂၂)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်းက ရာမောင်တံတားသစ်ကမ္ပည်းဆိုင်းဘုတ်အား အမွှေးနံ့သာရည်ပက်ဖျန်းပေးနေမှု




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များက အသစ်ဖွင့်လှစ်ထားသော ရာမောင်တံတားအား လှည့်လည်ကြည့်ရှုနေမှု

- ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ဝါဘိုကျေးရွာသို့ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီး စတင်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်။
- ရခိုင်ပြည်နယ်အတွင်း ကျေးရွာပေါင်း ၃,၇၄၂ ရွာရှိသည့်အနက် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလအထိ ဓာတ်အားစနစ်၊ ဆိုလာစနစ်၊ ဒီဇယ်စနစ်စသည့်နည်းလမ်းများဖြင့် ကျေးရွာပေါင်း ၂,၂၄၆ ရွာမီးရရှိခဲ့ပြီးဖြစ်ရာ ၆၀ ရာခိုင်နှုန်းခန့် လျှပ်စစ်မီးသုံးစွဲနိုင်ခဲ့ပြီးဖြစ်။
- Steel Box Ginder Type ပုံစံဖြင့် တည်ဆောက်ထားသော ၁,၂၈၃ ဒသမ ၃ ပေရှည်သည့် ရာမောင်တံတားအား ဖေဖော်ဝါရီလ ၅ ရက်တွင် စတင်ဖွင့်လှစ်ပေးနိုင်ခဲ့။
- ရာမောင်တံတားသစ်အား အသုံးပြုခြင်းအားဖြင့် လမ်းပန်းဆက်သွယ်ရေးတွင် လွယ်ကူလျင်မြန်စွာ သွားလာနိုင်မည့်အပြင် ကုန်စည်စီးဆင်းမှုမြန်ဆန်လာပြီး ရခိုင်ပြည်နယ်နှင့်ဒေသ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးအခြေအနေများလည်း တိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်က ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်ရှိ ဝါဘိုကျေးရွာ၌ ကျင်းပပြုလုပ်သည့် လျှပ်စစ်မီးဖြန့်ဖြူးခြင်းဖွင့်ပွဲအခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားနေမှု






ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က စစ်တွေမြို့နယ်ရှိ ဝါဘိုကျေးရွာ၌ ကျင်းပပြုလုပ်သည့် လျှပ်စစ်မီးစတင်ဖြန့်ဖြူးခြင်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားနေမှု





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်နှင့် ဦးမောင်းဟာတို့က စစ်တွေမြို့နယ်ရှိ ဝါဘိုကျေးရွာ၌ ကျင်းပပြုလုပ်သည့် လျှပ်စစ်မီးဖြန့်ဖြူးခြင်းဖွင့်ပွဲအခမ်းအနား၌ ဒေသခံပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်နေမှု

# အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရာရောက်သည့် သတင်းထုတ်ပြန်ချက်များကို ကန့်ကွက်ပယ်ချခြင်း

မြန်မာနိုင်ငံတွင် တပ်မတော်မှ နိုင်ငံတော်တာဝန်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွှဲပြောင်းရယူခဲ့သည့် တစ်နှစ်ပြည့်မြောက်ခဲ့သည့်ကိစ္စနှင့်ပတ်သက်၍ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် တာဝန်ရှိသူများအပါအဝင် နိုင်ငံနှင့်အဖွဲ့အစည်းအချို့က ထုတ်ပြန်ကြေညာချက်များသည် စိစစ်အတည်ပြုနိုင်ခြင်းမရှိသည့်အချက်အလက်များအပေါ် အခြေခံ၍ ပုံဖျက်ထားပြီး မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရာရောက်ကာ ကုလသမဂ္ဂပဋိညာဉ်စာတမ်းအပါအဝင် သံတမန်ကျင့်ဝတ်များကို ချိုးဖောက်ရာရောက်သဖြင့် ယင်းထုတ်ပြန်ချက်များကို မြန်မာနိုင်ငံက ပြင်းထန်စွာ ကန့်ကွက်ပယ်ချကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့ပါသည်။

## သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတွင် တပ်မတော်မှ နိုင်ငံတော်တာဝန်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွှဲပြောင်းရယူခဲ့သည့် တစ်နှစ်ပြည့်မြောက်ခဲ့သည့်ကိစ္စနှင့်ပတ်သက်၍ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် တာဝန်ရှိသူများအပါအဝင် နိုင်ငံနှင့် အဖွဲ့အစည်းအချို့က ထုတ်ပြန်ကြေညာချက်များကို ပြုလုပ်ခဲ့သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ ဗြိတိန်နိုင်ငံ၏ တောင်းဆိုချက်ဖြင့် မြန်မာနိုင်ငံဆိုင်ရာ တံခါးပိတ်ဆွေးနွေးပွဲတစ်ရပ်ကို ၂၈-၁-၂၀၂၂ ရက်တွင် ကျင်းပခဲ့သည့် တစ်ရက်တည်းတွင် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးက လှုံ့ဆော်သတင်းထုတ်ပြန်ခဲ့သည်ကိုတွေ့ရသည်။ တစ်ချိန်တည်းတွင် မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူက ကျင့်ဝတ်နှင့်မညီသော လှုံ့ဆော်ရေးသားချက်များကို ထပ်မံပြုလုပ်ခဲ့သည်။

မြန်မာနိုင်ငံသည် လွတ်လပ်သောအချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးနှင့် ပြည်တွင်းတရားစီရင်မှုကို ပြင်ပမှ ဝင်ရောက်စွက်ဖက်ခြယ်လှယ်သည့် ထင်မြင်ချက်များနှင့် ဝေဖန်ပြောဆိုမှုများကို လက်မခံပါ။ မြန်မာနိုင်ငံ၏ဒီမိုကရေစီလမ်းကြောင်းသည် ပြည်သူတို့၏ဆန္ဒအရ အကောင်အထည်ဖော်လျက်ရှိသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။ ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများကြောင့် တရားမျှတသည့် ဒီမိုကရေစီစနစ်ကို ဆိုးရွားစွာ အနှောင့်အယှက်ဖြစ်စေခဲ့သည့်အတွက် စစ်မှန်သောဒီမိုကရေစီစနစ်တစ်ရပ်ထွန်းကားပေါ်ထွက်လာစေရန် မိမိတို့အစိုးရအနေဖြင့် ဆက်လက်အကောင်အထည်ဖော်သွားရန် သန္နိဋ္ဌာန်ချမှတ်ပြီးဖြစ်သည်။ ၁-၂-၂၀၂၁ ရက်ကတည်းက ချမှတ်ခဲ့သည့် ရှေ့လမ်းစဉ် (၅)ရပ်နှင့်အညီ စိုင်မာသောပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ရောက်ရှိစေရေး တစိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် နိုင်ငံတော်အစိုးရသည် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေးကို အဓိကရည်ရွယ်လျက် နိုင်ငံတည်ငြိမ်ရေးနှင့် ပြည်သူများ၏ လုံခြုံရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ဤလုပ်ငန်းစဉ်ကို နိုင်ငံတကာက အားပေးကူညီရန် လိုအပ်သည်။

ရွေးကောက်ပွဲမသမာမှုများကို ဥပဒေနှင့်အညီ ဖြေရှင်းရန် ငြင်းဆန်ပြီး ထိပ်တိုက်ရင်ဆိုင်ရေးနှင့် အလုံးစုံပျက်သုဉ်းရေးကို ရွေးချယ်ခဲ့သည့် NLD ၏ လုပ်ဆောင်မှုကြောင့် အကျိုးဆက်အနေဖြင့် ယနေ့အကြမ်းဖက်မှုများ ဖြစ်ပွားနေသည်ကို သတိပြုသင့်သည်။ မတရားအသင်းနှင့် အကြမ်းဖက်အဖွဲ့ဖြစ်သော CRPH၊ NUG နှင့် PDF တို့က လူငယ်များကို အကြမ်းဖက်သမားများနှင့် လူသတ်သမားများအဖြစ်သို့ တွန်းပို့ခဲ့ခြင်းဖြစ်သည်။ ထိုသို့ စေခိုင်းသူများနှင့် လှုံ့ဆော်သူများအား နိုင်ငံအချို့က ကျောထောက်နောက်ခံပြုထားကြောင်း တွေ့ရသည်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်အထိ ဆရာ/ဆရာမ၊ ကျန်းမာရေးဝန်ထမ်းနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ထမ်းစုစုပေါင်း ၃၁၂ ဦးနှင့် သံဃာတော်များအပါအဝင် အပြစ်မဲ့ပြည်သူ စုစုပေါင်း ၁,၉၈၈ ဦးမှာ အကြမ်းဖက်အုပ်စုများ၏ သတ်ဖြတ်ခြင်းခံခဲ့ရသည်။ ထို့ပြင် အကြမ်းဖက်သမားများက စာသင်ကျောင်းများနှင့် လူနေအိမ်များ စသည့် အရပ်ဖက်အဆောက်အဦများကို စစ်ရေးရည်ရွယ်ချက်ဖြင့် အသုံးပြုလျက်ရှိသည်။ ယင်း CRPH၊ NUG နှင့် PDF တို့၏ လုပ်ရပ်များသည် ဆိုးရွားသော အကြမ်းဖက်လုပ်ရပ်များဖြစ်ပြီး၊ စစ်ရာဇဝတ်မှုမြောက်သောကြောင့် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအသိုက်အဝန်းက ဝိုင်းဝန်းရှုတ်ချရန် လိုအပ်သည်။

မြန်မာအစိုးရအနေဖြင့် အကြမ်းဖက်သမားများအား ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိသော်လည်း ကြီးလေးသည့် ပြစ်မှုကျူးလွန်ခြင်းမရှိသူများအား လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သည်။ စုစုပေါင်း လူဦးရေ ၄၀,၀၀၀ ကျော်အား လွတ်ငြိမ်းချမ်းသာ ခွင့်ပြုခဲ့ပြီး၊ အမှု ၄,၀၀၀ ကျော်ကို ရုပ်သိမ်းပေးခဲ့ပြီးဖြစ်သည်။

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲခြင်းကို ၂၀၂၂ ခုနှစ်ကုန်အထိ သက်တမ်းတိုးမြှင့်မည်ဟု ကမ္ဘောဒီးယားဝန်ကြီးချုပ်၏ ၇-၁-၂၀၂၂ ရက် မြန်မာနိုင်ငံခရီးစဉ်အတွင်း ပူးတွဲသတင်းထုတ်ပြန်ချက်တွင် အသိပေးထားသည်။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)နှင့်အညီ အစိုးရသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ (EAOs)အပါအဝင် တွေ့ဆုံသင့်သူများနှင့် ပုံမှန်ထိတွေ့ဆွေးနွေးလျက်ရှိပြီး၊ သက်ဆိုင်သူအဖွဲ့အစည်းအားလုံးကိုလည်း ငြိမ်းချမ်းရေးကိစ္စဆွေးနွေးရန် ဖိတ်ခေါ်ထားပြီးဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံတူညီဆန္ဒ (၅)ချက်ကိုစွကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ ၂၀၂၂ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံနှင့် အပြုသဘောပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။ ယင်းသို့ဆောင်ရွက်ရာတွင် အာဆီယံပဋိညာဉ်ပါပြဋ္ဌာန်းချက်များနှင့် အာဆီယံ၏ အခြေခံမူများနှင့်အညီ နိုင်ငံတော်၏အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် အမျိုးသားရေးအကျိုးစီးပွားကို ထိခိုက်မှုမရှိစေဘဲ ဆောင်ရွက်သွားမည်ဖြစ်သည်။

နိုင်ငံကြီးအချို့၏ ပြည်ပစွက်ဖက်မှုများကြောင့် အကျိုးဖြစ်ထွန်းသည်ကို တွေ့မြင်ခဲ့လှသည်။ ယင်းအစား သက်ဆိုင်ရာနိုင်ငံရှိ ပြည်သူများအကြား စိတ်ဝမ်းကွဲပြားကာ လက်နက်ကိုင်ပဋိပက္ခများ ရှည်ကြာပြီး၊ ငြိမ်းချမ်းတည်ငြိမ်မှုမရှိကြောင်း တွေ့ရသည်။ ထိုအချက်ကို သက်သေထူနေသည့် ယခင်သာဓကများစွာလည်းရှိသည်။

မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် တာဝန်နှင့် ဝတ္တရားများအရ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ပြည်သူများ၏ အကျိုးစီးပွားကို ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များနှင့်အညီ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။ စိစစ်အတည်ပြုနိုင်ခြင်းမရှိသည့် အချက်အလက်များအပေါ် အခြေခံ၍ ပုံဖျက်ထားသော သတင်းထုတ်ပြန်ချက်များသည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရာရောက်ပြီး၊ ကုလသမဂ္ဂပဋိညာဉ်စာတမ်းအပါအဝင် သံတမန်ကျင့်ဝတ်များကို ချိုးဖောက်ရာရောက်သဖြင့် ယင်းထုတ်ပြန်ချက်များကို မြန်မာနိုင်ငံက ပြင်းထန်စွာ ကန့်ကွက်ပယ်ချသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်။**

**(မြဝတီသတင်းစာ ၄-၂-၂၀၂၂)**

- **မြန်မာနိုင်ငံတွင် တပ်မတော်မှ နိုင်ငံတော်တာဝန်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွှဲပြောင်းရယူခဲ့သည့် တစ်နှစ်ပြည့်မြောက်ခဲ့သည့်ကိစ္စနှင့်ပတ်သက်၍ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် တာဝန်ရှိသူများအပါအဝင် နိုင်ငံနှင့် အဖွဲ့အစည်းအချို့ က ထုတ်ပြန်ကြေညာချက်များကို ပြုလုပ်ခဲ့။**
- **စိစစ်အတည် ပြုနိုင်ခြင်းမရှိသည့် အချက်အလက်များအပေါ် အခြေခံ၍ ပုံဖျက်ထားသော သတင်းထုတ်ပြန်ချက်များသည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရာရောက်ပြီး၊ ကုလသမဂ္ဂပဋိညာဉ်စာတမ်းအပါအဝင် သံတမန်ကျင့်ဝတ်များကို ချိုးဖောက်ရာရောက်သဖြင့် ယင်းထုတ်ပြန်ချက်များကို မြန်မာနိုင်ငံက ပြင်းထန်စွာ ကန့်ကွက်ပယ်ချ။**
- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် နိုင်ငံတော်အစိုးရသည် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေးကို အဓိကရည်ရွယ်လျက် နိုင်ငံတည်ငြိမ်ရေးနှင့် ပြည်သူများ၏ လုံခြုံရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ယင်းလုပ်ငန်းစဉ်ကို နိုင်ငံတကာက အားပေးကူညီရန် လိုအပ်။**

- **ရွေးကောက်ပွဲမသမာမှုများကို ဥပဒေနှင့်အညီဖြေရှင်းရန် ငြင်းဆန်ပြီး ထိပ်တိုက်ရင်ဆိုင်ရေးနှင့် အလုံးစုံပျက်သုဉ်းရေးကို ရွေးချယ်ခဲ့သည့် NLD ၏ လုပ်ဆောင်မှုအကျိုးဆက်အနေဖြင့် ယနေ့အကြမ်းဖက်မှုများ ဖြစ်ပွားနေသည်ကို သတိပြုသင့်။**
- **CRPH၊ NUG နှင့် PDF တို့၏လုပ်ရပ်များသည် ဆိုးရွားသော အကြမ်းဖက်လုပ်ရပ်များဖြစ်ပြီး၊ စစ်ရာဇဝတ်မှု မြောက်သောကြောင့် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအသိုက်အဝန်းက ဝိုင်းဝန်းရှုတ်ချရန် လိုအပ်။**
- **မြန်မာနိုင်ငံအနေဖြင့် အာဆီယံပဋိညာဉ်ပါ ပြဋ္ဌာန်းချက်များနှင့် အာဆီယံ၏ အခြေခံမူများနှင့်အညီ နိုင်ငံတော်၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် အမျိုးသားရေး အကျိုးစီးပွားကို ထိခိုက်မှုမရှိစေဘဲ ဆောင်ရွက်သွားမည်ဖြစ်။**
- **နိုင်ငံကြီးအချို့၏ ပြည်ပစွက်ဖက်မှုများကြောင့် အကျိုးဖြစ်ထွန်းသည်ကို တွေ့မြင်ခဲ့လှသည်။ ယင်းအစား သက်ဆိုင်ရာနိုင်ငံရှိ ပြည်သူများအကြား စိတ်ဝမ်းကွဲပြားကာ လက်နက်ကိုင်ပဋိပက္ခများရှည်ကြာပြီး၊ ငြိမ်းချမ်းတည်ငြိမ်မှုမရရှိကြောင်းတွေ့ရ။**

## အိုမီခရွန်ရောဂါပိုးထပ်မံတွေ့ရှိမှု အခြေအနေများ

ပြည်ပနိုင်ငံများမှ မြန်မာနိုင်ငံသို့ Relief Flight များဖြင့် ပြန်လည်ဝင်ရောက်လာသူများတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူများ၏ ဓာတ်ခွဲနမူနာများအနက် ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်းရောဂါပိုးတွေ့ရှိနိုင်သည့် သံသယဖြစ်ဖွယ်ဓာတ်ခွဲနမူနာများအား ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇစစ်ဆေးခြင်းကို အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန၌ ၃-၂-၂၀၂၂ ရက်တွင် ဆောင်ရွက်ခဲ့ရာ SARS-CoV-2 Variant Omicron (အိုမီခရွန်) ရောဂါပိုး ဓာတ်ခွဲနမူနာ ၂၈ ခုထပ်မံတွေ့ရှိခဲ့ပါသည်။

မြန်မာနိုင်ငံ၌ ၆-၂-၂၀၂၂ ရက်အထိ အိုမီခရွန်ရောဂါပိုးတွေ့ရှိသူစုစုပေါင်း ၃၄၈ ဦးတွင် ပြည်ပမှ Relief Flight များဖြင့် ပြန်လည်ဝင်ရောက်လာသူ ၂၆၄ ဦးနှင့် ပြည်တွင်းကူးစက်ခံရသူ ၈၄ ဦးတို့ဖြစ်ပါသည်။

ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူ ၂၆၄ ဦးမှာ မြန်မာနိုင်ငံသား ၂၄၄ ဦးနှင့် နိုင်ငံခြားသား ၂၀ ဦးတို့ဖြစ်ပြီး အဆိုပါ ၂၆၄ ဦးမှာ ယူအေအီးနိုင်ငံမှ ၄၀ ဦး၊ မလေးရှားနိုင်ငံမှ ๅ၄ ဦး၊ အိန္ဒိယနိုင်ငံမှ ၇၉ ဦး၊ ထိုင်းနိုင်ငံမှ ၂၁ ဦး၊ ဖိလစ်ပိုင်နိုင်ငံမှ ၁၈ ဦး၊ စင်ကာပူနိုင်ငံမှ ၃၄ ဦး၊ ရုရှားနိုင်ငံမှ ၂ ဦး၊ ကိုရီးယားနိုင်ငံမှ ၁၄ ဦး၊ ဂျပန်နိုင်ငံမှ ၁ ဦးနှင့် အင်ဒိုနီးရှားနိုင်ငံမှ ၁ ဦးတို့ဖြစ်သည်။ ပြည်တွင်းကူးစက်ခံရသူ ၈၄ ဦးမှာ တမူးမြို့မှ ၄၈ ဦး၊ ကလေးမြို့မှ ၂၀ ဦးနှင့် ရန်ကုန်မြို့မှ ၁၆ ဦးတို့ဖြစ်ပါသည်။

**(မြဝတီသတင်းစာ ၇-၂-၂၀၂၂)**

- **၃-၂-၂၀၂၂ ရက်နေ့က ဓာတ်ခွဲစစ်ဆေးမှုဆောင်ရွက်ခဲ့သည့် ဓာတ်ခွဲနမူနာများတွင် SARS-CoV-2 Variant Omicron (အိုမီခရွန်)ရောဂါပိုးဓာတ်ခွဲနမူနာ ၂၈ ခု ထပ်မံတွေ့ရှိခဲ့။**
- **၆-၂-၂၀၂၂ ရက်အထိ အိုမီခရွန်ရောဂါပိုးတွေ့ရှိသူစုစုပေါင်း ၃၄၈ ဦးတွင် ပြည်ပမှ Relief Flight များဖြင့် ပြန်လည်ဝင်ရောက်လာသူ ၂၆၄ ဦးနှင့် ပြည်တွင်းကူးစက်ခံရသူ ၈၄ ဦးတို့ဖြစ်။**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ



**တပ်မတော်လေယာဉ်များဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ပို့ဆောင်ဖြန့်ဖြူးပေးနေမှု**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသော Quarantine Center များအား ဆက်လက်ဖွင့်လှစ်ပေးခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးပေးခြင်းတို့အား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်-

- ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဖေဖော်ဝါရီလ ၆ ရက်အထိ လူဦးရေစုစုပေါင်း ၂၂ ဒသမ ၃၈ သန်းအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့်ထိုးနှံပြီးစီးသူ ၁၉ ဒသမ ၂၁ သန်းနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ ၃ ဒသမ ၁၇ သန်းရှိကာ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ရေစုစုပေါင်း ၄၁ ဒသမ ၆ သန်းထိုးနှံပြီးဖြစ်။
- ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှ ဖေဖော်ဝါရီလ ၆ ရက်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး Booster စုစုပေါင်း ထိုးနှံပြီးစီးသူ ၈၁,၃၁၆ ဦးရှိ။
- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား/သူများ၏ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးစီးမှုမှာ ဖေဖော်ဝါရီလ ၆ ရက်အထိ ဒုတိယအကြိမ်အဖြစ် ၁,၄၅၀,၅၈၉ ဦးအားလည်းကောင်း၊ ပထမအကြိမ်အဖြစ် ၁၁၀,၂၉၅ ဦးအားလည်းကောင်း ကာကွယ်ဆေးထိုးနှံပြီးစီးခဲ့ပြီးဖြစ်။
- ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးမြို့၊ ပဲခူးမြို့၊ သဲကုန်းမြို့နယ်၊ ရွှေတောင်မြို့နယ်၊ မင်းလှမြို့နယ်၊ သာယာဝတီမြို့နယ်၊ ညောင်လေးပင်မြို့နယ်၊ ဒိုက်ဦးမြို့နယ်၊ ဝေါမြို့နယ်၊ သနပ်ပင်မြို့နယ်၊ ကဝမြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ်များသို့ Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိ။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါရှိ/မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီလ ၆ ရက်တွင် ဓာတ်ခွဲနမူနာ စုစုပေါင်း ၂၄,၃၃၃ ခုအားစစ်ဆေးခဲ့ပြီး၊ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၃၂ ဦးဖြင့် ရောဂါပိုးတွေ့ရှိမှု ၁.၃၆ ရာခိုင်နှုန်းရှိခဲ့ပါသည်။ ၆-၂-၂၀၂၂ ရက်အထိ ဓာတ်ခွဲနမူနာစုစုပေါင်း ၆,၅၂၁,၅၀၁ ခုအား စစ်ဆေးခဲ့ရာ အတည်ပြုလူနာစုစုပေါင်း ၅၃၇,၉၀၁ ဦးနှင့် သေဆုံးသူစုစုပေါင်း ၁၉,၃၁၀ ဦးရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၇-၂-၂၀၂၂)**



ဟာခါးမြို့၌ ဒေသခံပြည်သူများအား
ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနေမှု



သဃ်န်းကျွန်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး
Booster Dose ထိုးနှံပေးနေမှု



ဘီးလင်းမြို့နယ်ရှိ ကျောင်းသား၊ ကျောင်းသူများအား
ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေမှု



ရသေ့တောင်မြို့၌ နိုင်ငံ့ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါ
ကာကွယ်ဆေး Booster Dose ထိုးနှံပေးနေမှု

- ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဖေဖော်ဝါရီလ ၆ ရက်အထိ လူဦးရေစုစုပေါင်း ၂၂ ဒသမ ၃၈ သန်းအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့်ထိုးနှံပြီးစီးသူ ၁၉ ဒသမ ၂၁ သန်းနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ ၃ ဒသမ ၁၇ သန်းရှိကာ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ရေစုစုပေါင်း ၄၁ ဒသမ ၆ သန်းထိုးနှံပြီးဖြစ်။
- ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှ ဖေဖော်ဝါရီလ ၆ ရက်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး Booster စုစုပေါင်း ထိုးနှံပြီးစီးသူ ၈၁,၃၁၆ ဦးရှိ။
- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား/သူများ၏ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးစီးမှုမှာ ဖေဖော်ဝါရီလ ၆ ရက်အထိ ဒုတိယအကြိမ်အဖြစ် ၁,၄၅၀,၅၈၉ ဦးအားလည်းကောင်း၊ ပထမအကြိမ်အဖြစ် ၁၁၀,၂၉၅ ဦးအားလည်းကောင်း ကာကွယ်ဆေးထိုးနှံပြီးစီးခဲ့ပြီးဖြစ်။
- ၆-၂-၂၀၂၂ ရက်အထိ ဓာတ်ခွဲနမူနာစုစုပေါင်း ၆,၅၂၁,၅၀၁ ခုအားစစ်ဆေးခဲ့ရာ အတည်ပြုလူနာစုစုပေါင်း ၅၃၇,၉၀၁ ဦးနှင့် သေဆုံးသူစုစုပေါင်း ၁၉,၃၁၀ ဦးဖြစ်ပြီး ၆-၂-၂၀၂၂ ရက်တွင် ရောဂါပိုးတွေ့ရှိမှု ၁.၃၆ ရာခိုင်နှုန်းရှိ။

# PDF အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးမှုကြောင့် နေအိမ်များပျက်စီးဆုံးရှုံးခဲ့သည့် အင်မထီးကျေးရွာရှိ ရွာသူ/ ရွာသားများအား တာဝန်ရှိသူများက တွေ့ဆုံအားပေး၍ လိုအပ်သည်များ ထောက်ပံ့ပေးအပ်



**တပ်မတော်မှ တာဝန်ရှိသူက PDF အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးမှုကြောင့် နေအိမ်များပျက်စီးဆုံးရှုံးခဲ့သည့် အင်မထီးကျေးရွာရှိ ရွာသူ/ ရွာသားများအား ထောက်ပံ့ပစ္စည်းများပေးအပ်နေမှု**

စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမြို့နယ်၊ အင်မထီးကျေးရွာရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏စခန်းနှင့် ကျေးရွာအနီးတစ်ဝိုက်သို့ ဇန်နဝါရီလ ၃၀ ရက် ညနေပိုင်းတွင် PDF အကြမ်းဖက်သမားများက ရွာ၏တောင်ဘက်နှင့် အရှေ့တောင်ဘက်တို့မှ အင်အားအလုံးအရင်းဖြင့် ချဉ်းကပ်တိုက်ခိုက်လာခဲ့ပြီး ကျေးရွာနေအိမ်များအား မီးရှို့ဖျက်ဆီးထွက်ပြေးသွားခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ ကျေးရွာတွင်းရှိနေအိမ်များအား အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးသွားခဲ့သော်လည်း အကြမ်းဖက်အဖွဲ့များဖြစ်သည့် NUG၊ CRPH နှင့် PDF အကြမ်းဖက်သမားများ၊ ၎င်းတို့၏ လက်ဝေခံလူပုဂ္ဂိုလ်အချို့နှင့် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုကိုမလိုလားသည့် ပြည်ဖျက်မီဒီယာအချို့တို့က လူမှုကွန်ရက်စာမျက်နှာများ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သကဲ့သို့ မဟုတ်မမှန်သတင်းအမှားများကို ဝါဒဖြန့်ရေးသားလျက်ရှိပါသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အင်မထီးကျေးရွာရှိ ဒေသခံရွာသူ/ရွာသားများက PDF အကြမ်းဖက်သမားများသည် အေးချမ်းစွာနေထိုင်နေကြသည့် အပြစ်မဲ့ပြည်သူများ၊ သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များနှင့် ကိုယ်ဝန်ဆောင်များကိုပါသတ်ဖြတ်ပြီး နေအိမ်များနှင့် ရာသီသီးနှံများပါမကျန် မီးရှို့ဖျက်ဆီးမှုများကြောင့် အပြစ်မဲ့ပြည်သူများ အိုးမဲ့အိမ်မဲ့ဖြစ်ကာ ကလေးသူငယ်များပါ အနာဂတ်ပျောက်သွားရပြီဖြစ်ကြောင်း၊ ပြည်သူများ၏ဘဝကို ကိုယ်ချင်းစာပေးစေလိုပြီး ၎င်းတို့အနေဖြင့် အဆိုပါလုပ်ရပ်များကို ဘာကြောင့်လုပ်ဆောင်နေရသနည်း စသည့် မေးခွန်းများစွာဖြင့် PDF အကြမ်းဖက်သမားများ၏ ရိုင်းစိုင်းယုတ်မာသည့်လုပ်ရပ်ကို ခံစားခဲ့ရသည့် ရွာသူရွာသားများမှ မီဒီယာများသို့ ရင်ဖွင့်ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

PDF အကြမ်းဖက်သမားများသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ပျက်ပြားစေရန် ရည်ရွယ်၍ နေရာဒေသအချို့၌ အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လျက်ရှိသည့်အပြင် ၎င်းတို့ကို မထောက်ခံသည့် ကျေးရွာသူ/ ကျေးရွာသားများကို ညှင်းပန်းနှိပ်စက်ခြင်း၊ အကြမ်းဖက်သတ်ဖြတ်ခြင်းနှင့် နေအိမ်များနှင့် လယ်ခင်းယာခင်းများကို မီးရှို့ဖျက်ဆီးခြင်းများပြုလုပ်လျက်ရှိသည့်အတွက် ၎င်းတို့၏ မိသားစုဘဝများပျက်စီးဆုံးရှုံး၍ အိုးမဲ့အိမ်မဲ့ဖြင့် နေစရာမဲ့စားစရာမရှိဖြစ်ကာ ဒုက္ခမျိုးစုံ ကြုံတွေ့နေရလျက်ရှိပါသည်။ ပြည်သူများအနေဖြင့် PDF အကြမ်းဖက်သမားများ၏ နည်းမျိုးစုံဒုက္ခပေးနေမှုများမှ ကင်းဝေးပြီး အေးအေးချမ်းချမ်းဖြင့်



**PDF အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးမှုကြောင့် နေအိမ်များပျက်စီးဆုံးရှုံးခဲ့သည့် အင်မထီးကျေးရွာရှိ ရွာသူ/ ရွာသားများက မီဒီယာများသို့ ရင်ဖွင့်စကားပြောကြားနေမှု**

နေထိုင်လိုသည့်အတွက် အကြမ်းဖက်သမားများအား အမြန်ဆုံးအမြစ်ပြတ်စေလိုသည့် ဆန္ဒများဖြစ်ပေါ်လျက်ရှိပါသည်။

အဆိုပါ PDF အကြမ်းဖက်သမားများ မီးရှို့ခဲ့သည့် အင်မထီးကျေးရွာသို့ ဇန်နဝါရီလ ၃၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီးဒေသကြီးဝန်ကြီးချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် အဖွဲ့ဝင်များက သွားရောက်၍ ဒေသခံကျေးရွာသူ/ ကျေးရွာသားများအား ကျေးရွာစာသင်ကျောင်း၌ တွေ့ဆုံအားပေးစကားပြောကြားပြီး ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများ၊ အသုံးအဆောင်ပစ္စည်းများ၊ ထောက်ပံ့ငွေများနှင့် လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ ထို့ပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ပေးလျက်ပြီး ကျေးရွာသူ၊ ကျေးရွာသားများအား နေအိမ်များတွင် အေးချမ်းစွာပြန်လည်နေထိုင်နိုင်ရန် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၄-၂-၂၀၂၂)**

- **အင်မထီးကျေးရွာအတွင်းရှိနေအိမ်များအား အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးသွားခဲ့ခြင်းဖြစ်သော်လည်း အကြမ်းဖက်အဖွဲ့များဖြစ်သည့် NUG၊ CRPH နှင့် PDF အကြမ်းဖက်သမားများ၊ ၎င်းတို့၏ လက်ဝေခံလူပုဂ္ဂိုလ်အချို့နှင့် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုကိုမလိုလားသည့် ပြည်ဖျက်မီဒီယာအချို့တို့က လူမှုကွန်ရက်စာမျက်နှာများ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သကဲ့သို့ မဟုတ်မမှန်သတင်းအမှားများကို ဝါဒဖြန့်ရေးသားလျက်ရှိ။**
- **အင်မထီးကျေးရွာရှိ ဒေသခံရွာသူ/ ရွာသားများက PDF အကြမ်းဖက်သမားများသည် အေးချမ်းစွာနေထိုင်နေကြသည့် အပြစ်မဲ့ပြည်သူများ၊ သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များနှင့် ကိုယ်ဝန်ဆောင်များကိုပါ သတ်ဖြတ်ပြီး နေအိမ်များနှင့် ရာသီသီးနှံများပါမကျန် မီးရှို့ဖျက်ဆီးမှုများကြောင့် အပြစ်မဲ့ပြည်သူများ အိုးမဲ့အိမ်မဲ့ဖြစ်ကာ ကလေးသူငယ်များပါ အနာဂတ်ပျောက်သွားရပြီဖြစ်။**
- **PDF အကြမ်းဖက်သမားများ၏ ရိုင်းစိုင်းယုတ်မာသည့်လုပ်ရပ်ကို ခံစားခဲ့ရသည့် ရွာသူရွာသားများမှ မီဒီယာများသို့ ရင်ဖွင့်ပြောကြားခဲ့။**

## PDF အကြမ်းဖက်သမားများက ပညာရေးကဏ္ဍအပေါ် အကြမ်းဖက်တိုက်ခိုက်ခြင်း





အကြမ်းဖက်သမားများက မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ လက်ကောင်းကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲမှ သင်ရိုးညွှန်တမ်းစာအုပ်များအား မီးရှို့ဖျက်ဆီးထားသည့်မှတ်တမ်းဓာတ်ပုံ

PDF အကြမ်းဖက်သမားများသည် နိုင်ငံ၏ပညာရေးကဏ္ဍနှင့် ကလေးငယ်များ၏ အနာဂါတ်ကိုဖျက်ဆီးရန်နှင့် အပြစ်မဲ့ပြည်သူများ ထိခိုက်ဒဏ်ရာရရှိစေရန် ရည်ရွယ်ချက်များဖြင့် အချို့နေရာများတွင် ဖောက်ခွဲဖျက်ဆီးခြင်းများ၊ ပညာရေးဆိုင်ရာ ရုံးဌာနများနှင့် စာသင်ကျောင်းများကို မီးရှို့ဖျက်ဆီးခြင်းများ၊ မိုင်းထောင်ဖောက်ခွဲခြင်းများ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခြင်းများပြုလုပ်လျက်ရှိသည့်အပြင် ဆရာ၊ ဆရာမများနှင့် ပညာရေးဝန်ထမ်းများအား အကြမ်းဖက်ခြိမ်းခြောက်ခြင်း၊ ရက်စက်စွာ သတ်ဖြတ်ခြင်းများကိုပါ လုပ်ဆောင်လျက်ရှိရာ-

- ဖေဖော်ဝါရီလ ၁ ရက်တွင် PDF အကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်းတစ်လုံးသည် ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်ရှိ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းအနီးတွင် ပေါက်ကွဲခဲ့ပြီး ကျောင်းအဆောက်အဦ၏ လေကာမှန်တစ်ချပ် ကွဲအက်ပျက်စီးခဲ့။
- ဖေဖော်ဝါရီလ ၁ ရက်တွင် PDF အကြမ်းဖက်သမား ၂ ဦးသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နယ်ပညာရေးမှူးရုံးမှ လက်ထောက်ပညာရေးမှူး ဦးကျော်သိန်းနှင့်ဇနီးအပြင်သို့သွားနေသည့်အချိန် နေအိမ်အတွင်းသို့ လက်လုပ်ဗုံး ၂ လုံးဖြင့် ပစ်ပေါက်ခဲ့ရာ ပေါက်ကွဲခဲ့သဖြင့် နေအိမ်အတွင်းရှိ ရေခဲသေတ္တာ ၁ လုံး၊ သံသေတ္တာ ၄ လုံးနှင့် အခြားအသုံးအဆောင်ပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့။
- ဖေဖော်ဝါရီလ ၂ ရက်တွင် တိုက်ကြီးမြို့၊ မင်္ဂလာရပ်ကွက်နေ ကိုမျိုးမင်းထွန်းသည် သားဖြစ်သူအား ဆိုင်ကယ်ဖြင့် မြို့မအခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပို့စဉ် PDF အကြမ်းဖက်သမား ၂ ဦးက သေနတ်ဖြင့် ပစ်ခတ်ထွက်ပြေးသွားသဖြင့် ကိုမျိုးမင်းထွန်းတွင် ကျည်ထိမှန်ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးခဲ့။
- ဖေဖော်ဝါရီလ ၃ ရက်တွင် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ လက်ကောင်းကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား PDF အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့ရာ မီးလောင်မှုကြောင့် ၎င်းကျောင်းအတွင်း၌ သိမ်းဆည်းထားရှိသည့် ကျောင်းသင်ရိုးညွှန်တမ်းစာအုပ်များ(တန်ဖိုးငွေ ၃ သိန်းကျပ်ခန့်) ပျက်စီးဆုံးရှုံးခဲ့ပြီး ကျောင်းဆောင်အား မီးကူးစက်လောင်ကျွမ်းခဲ့မှုမရှိခဲ့။

အလုံးစုံပျက်သုဉ်းရေးလမ်းစဉ်အရ နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်သမားများအနေဖြင့် အကြမ်းဖက်လုပ်ရပ်များကို အရှိန်အဟုန်မြင့်လုပ်ဆောင်လျက်ရှိရာ နိုင်ငံတော်၏ အနာဂတ်ဖြစ်သော လူငယ်များ၏ ပညာသင်ကြားမှုများကို ဖျက်ဆီးရန် ပညာရေးကဏ္ဍအတွက် အဓိကကျသော အခြေခံအဆောက်အဦများဖြစ်သည့် စာသင်ကျောင်းများနှင့် ပညာရေးအဆောက်အဦများအား ယခုကဲ့သို့ မိုင်းထောင်ဖောက်ခွဲခြင်း၊ မီးရှို့ဖျက်ဆီးခြင်း၊ ပညာရည်မြင့်မားရေးကို ဝိုင်းဝန်းပူးပေါင်း

ဆောင်ရွက်နေသည့် အပြစ်မဲ့ပြည်သူများနှင့် ပညာရေးဝန်ထမ်းများအား ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခြင်းများကို အသိတရားမဲ့စွာ ပြုလုပ်လျက်ရှိသဖြင့် ၎င်းတို့အား နိုင်ငံတကာမှဝိုင်းဝန်းဆန့်ကျင်ရန် နိုင်ငံတစ်ဝှမ်းရှိ ပြည်သူများက လိုလားလျက်ရှိပါသည်။

အထက်ပါဖြစ်စဉ်များမှ အကြမ်းဖက်မှုလုပ်ရပ်များကို ကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၄-၂-၂၀၂၂)**

- **PDF အကြမ်းဖက်သမားများထောင်ထားသည့် လက်လုပ်မိုင်းတစ်လုံးသည် သာကေတမြို့နယ်ရှိ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းအနီးတွင် ပေါက်ကွဲခဲ့ပြီး ကျောင်းအဆောက်အဦ၏ လေကာမှန်တစ်ချပ် ကွဲအက်ပျက်စီးခဲ့။**
- **PDF အကြမ်းဖက်သမား ၂ ဦးသည် ကောလင်းမြို့နယ်ပညာရေးမှူးရုံးမှ လက်ထောက်ပညာရေးမှူး ဦးကျော်သိန်းနှင့်ဇနီး အပြင်သို့သွားနေသည့်အချိန် နေအိမ်အတွင်းသို့ လက်လုပ်ဗုံး ၂ လုံးဖြင့် ပစ်ပေါက်ခဲ့ရာ ပေါက်ကွဲခဲ့သဖြင့် နေအိမ်အတွင်းရှိ ရေခဲသေတ္တာ ၁ လုံး၊ သံသေတ္တာ ၄ လုံးနှင့် အခြားအသုံးအဆောင်ပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့။**
- **တိုက်ကြီးမြို့၊ မင်္ဂလာရပ်ကွက်နေ ကိုမျိုးမင်းထွန်းသည် သားဖြစ်သူအား ဆိုင်ကယ်ဖြင့် မြို့မအခြေခံပညာအထက်တန်းကျောင်းသို့သွားရောက်ပို့စဉ် PDF အကြမ်းဖက်သမား ၂ ဦးက သေနတ်ဖြင့် ပစ်ခတ်ထွက်ပြေးသွားသဖြင့် ကိုမျိုးမင်းထွန်းတွင် ကျည်ထိမှန် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးခဲ့။**
- **ပုသိမ်ကြီးမြို့နယ်၊ လက်ကောင်းကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား PDF အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့ရာ မီးလောင်မှုကြောင့် ၎င်းကျောင်းအတွင်း၌ သိမ်းဆည်းထားရှိသည့် ကျောင်းသင်ရိုးညွှန်းတမ်းစာအုပ်များ (တန်ဖိုးငွေ ၃ သိန်းကျပ်ခန့်) ပျက်စီးဆုံးရှုံးခဲ့ပြီး ကျောင်းဆောင်အား မီးကူးစက်လောင်ကျွမ်းခဲ့မှုမရှိခဲ့။**

## PDF အကြမ်းဖက်သမားများက စစ်ရေးပစ်မှတ်မဟုတ်သည့် ဌာနဆိုင်ရာ အဆောက်အဦများအား ဖောက်ခွဲတိုက်ခိုက်၊ မီးရှို့ဖျက်ဆီး

NUG၊ CRPHနှင့် ၎င်းတို့၏ လက်အောက်ခံ PDF အကြမ်းဖက်အဖွဲ့များသည် ပြည်သူလူထုအပေါ် အကြောက်တရားဖြင့် လွှမ်းမိုးလျက်ရှိပြီး နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရားများ ရပ်တန့်စေရေးအတွက် အုပ်ချုပ်ရေးပိုင်းဆိုင်ရာတာဝန်ရှိသူများ၊ နိုင်ငံ့ဝန်ထမ်းများအား လုပ်ကြံသတ်ဖြတ်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် ဘာသာရေးဆိုင်ရာ အဆောက်အဦများ၊ ရုံးဌာနအဆောက်အဦများ၊ လူနေအိမ်များ၊ ဆေးရုံ၊ ဆေးခန်းများနှင့် စာသင်ကျောင်းများအား လက်လုပ်မိုင်း/ဗုံးများ အသုံးပြုကာ ဖောက်ခွဲတိုက်ခိုက်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိရာ-

- ဇန်နဝါရီလ ၃၁ ရက်တွင် PDF အကြမ်းဖက်သမားများက စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားတောင်မြို့ရှိစည်ပင်ရုံးအား ဖောက်ခွဲဖျက်ဆီးခြင်းများပြုလုပ်ခဲ့ရာ ၎င်းအဆောက်အဦတွင် တပ်ဆင်ထားသည့် ပြတင်းတံခါးမှန် ၈ ချပ်၊ ဘောစင် ၁ ခုနှင့် Water Cooler ၁ လုံး ပျက်စီးခဲ့။
- ဖေဖော်ဝါရီလ ၁ ရက်တွင် မြင်းမူမြို့အဝင်ရှိ ရွှေတောင်ကုမ္ပဏီမှ တည်ဆောက်ထားသည့် တိုးဂိတ်သို့ PDF အကြမ်းဖက်သမား ၃၀ ဦးခန့်က မော်တော်ယာဉ် ၁ စီး၊ မော်တော်ဆိုင်ကယ် ၅ စီးတို့ဖြင့် ရောက်ရှိလာပြီး လက်လုပ်မိုင်း



**အကြမ်းဖက်သမားများက စစ်ကိုင်းမြို့နယ်၊ ဆားတောင်မြို့ရှိ မြို့နယ်စည်ပင်ရုံးအား ဖောက်ခွဲဖျက်ဆီးထားသည့်မှတ်တမ်းဓာတ်ပုံ**

များအသုံးပြု၍ ဖောက်ခွဲဖျက်ဆီးခဲ့ရာ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် သိန်း ၁,၀၀၀ ကျပ် ပျက်စီးဆုံးရှုံးခဲ့။

- ဖေဖော်ဝါရီလ ၄ ရက်တွင် မကွေးတိုင်းဒေသကြီး၊ ဆောမြို့၊ ဧယျာရပ်ကွက်ရှိ ဆောမြို့မရဲစခန်းနှင့် လောင်းရှည်နယ်မြေရဲစခန်းတို့အား PDF အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ အကြမ်းဖက်အဖွဲ့များ ထွက်ပြေးဆုတ်ခွာသွားခဲ့။
- ဆုတ်ခွာထွက်ပြေးခဲ့သည့် PDF အကြမ်းဖက်သမားများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များ လိုက်လံချေမှုန်းတိုက်ခိုက်မှု မပြုလုပ်နိုင်စေရန်အတွက် ၎င်းတို့ထွက်ပြေးရာ ဧယျာရပ်ကွက်အတွင်းရှိ မြို့နယ်စည်ပင်သာယာရေးကော်မတီရုံး၊ သစ်ထုတ်လုပ်ရေးစခန်းရုံး၊ မြေစာရင်းဦးစီးဌာနရုံး၊ စာရင်းစစ်ဦးစီးဌာနရုံး၊ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနရုံး၊ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဦးစီးဌာနရုံး၊ မီးသတ်ဦးစီးဌာနရုံးနှင့် မီးသတ်ယာဉ်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီရုံး၊ စုစုပေါင်းရုံးဌာန ၈ ခု အပြင် လူနေအိမ် ၂ လုံး တို့အား မီးရှို့ဖျက်ဆီးခဲ့။

အလုံးစုံပျက်သုဉ်းရေးလမ်းစဉ်အရ NUG ၏စေခိုင်းချက်ဖြင့် PDF အကြမ်းဖက်သမားများက စစ်ရေးနှင့်မသက်ဆိုင်သည့် အပြစ်မဲ့ပြည်သူများအား ဖမ်းဆီးခြင်း၊ ရက်စက်စွာသတ်ဖြတ်ခြင်းများအပြင် အစိုးရရုံးအဆောက်အဦများနှင့် အများပြည်သူနေအိမ်များအား တဖက်သတ်အစွန်းရောက်ဝါဒစွဲအပေါ် အခြေခံကာ အသိဉာဏ်နည်းပါးစွာဖြင့် မီးရှို့ဖျက်ဆီးခြင်းများ၊ နိုင်ငံတော်ပိုင်၊ ပုဂ္ဂလိကပိုင် အဆောက်အဦများနှင့် လမ်းအသုံးပြုခများကောက်ခံလျက်ရှိသည့် တိုးဂိတ်များအား အကြောင်းမဲ့ဖောက်ခွဲဖျက်ဆီးမှုများကြောင့် အများပြည်သူများ၏ အကျိုးစီးပွားများ၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုများ ဖြစ်ပေါ်လျက်ရှိရာ အများပြည်သူ စိုးရိမ်ထိတ်လန့်မှုဖြစ်စေရန် လုပ်ဆောင်ခဲ့မှုအပေါ် ပြည်သူတစ်ရပ်လုံးက ရွံရှာမုန်းတီးလျက်ရှိပါသည်။

ထိုကဲ့သို့ နိုင်ငံတော်ပိုင်၊ ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖောက်ခွဲတိုက်ခိုက်၊ မီးရှို့ဖျက်ဆီးမှုများ ကျူးလွန်ခဲ့ကြသည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၅-၂-၂၀၂၂)**



အကြမ်းဖက်သမားများက မြင်းမူမြို့အဝင်ရှိ ရွှေတောင်ကုမ္ပဏီပိုင်တိုးဂိတ်အား ဖောက်ခွဲဖျက်ဆီးထားသည့်မှတ်တမ်းဓာတ်ပုံ



မကွေးတိုင်းဒေသကြီး၊ ဆောမြို့နယ်ရှိ မီးသတ်ရုံး၊ ၄ ခန်းတွဲအဆောက်အဦနှင့် ယာဉ်များဖျက်ဆီးခံရမှု မှတ်တမ်းဓာတ်ပုံ

- PDF အကြမ်းဖက်သမားများက စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားတောင်မြို့ရှိ စည်ပင်ရုံးအဆောက်အဦနှင့် မြင်းမူမြို့ အဝင်ရှိ ရွှေတောင်ကုမ္ပဏီမှ တည်ဆောက်ထားရှိသည့် တိုးဂိတ်တို့အား လက်လုပ်မိုင်းများအသုံးပြု၍ ဖောက်ခွဲ ဖျက်ဆီးခဲ့။
- PDF အကြမ်းဖက်သမားများက ဆောမြို့၊ ဗေယျာရပ်ကွက်ရှိ ဆောမြို့မရဲစခန်းနှင့် လောင်းရှည်နယ်မြေရဲစခန်း တို့အား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်၍ ဆုတ်ခွာထွက်ပြေးခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များ လိုက်လံ ချေမှုန်းတိုက်ခိုက်မှုမပြုလုပ်နိုင်စေရန်အတွက် ၎င်းတို့ဆုတ်ခွာထွက်ပြေးရာ ဗေယျာရပ်ကွက်အတွင်းရှိ စုစုပေါင်းရုံး ဌာန ၈ ခုအပြင် လူနေအိမ် ၂ လုံးတို့အား မီးရှို့ဖျက်ဆီးသွားခဲ့။




မကွေးတိုင်းဒေသကြီး၊ ဆောမြို့နယ်ရှိ ကျေးလက်ဖွံ့ဖြိုးရေးရုံး ဖျက်ဆီးခံရမှု မှတ်တမ်းဓာတ်ပုံများ






မကွေးတိုင်းဒေသကြီး၊ ဆောမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီရုံး ဖျက်ဆီးခံရမှု မှတ်တမ်းဓာတ်ပုံများ




မကွေးတိုင်းဒေသကြီး၊ ဆောမြို့နယ်ရှိ စည်ပင်ရုံး ဖျက်ဆီးခံရမှု မှတ်တမ်းဓာတ်ပုံများ




မကွေးတိုင်းဒေသကြီး၊ ဆောမြို့နယ်ရှိ သစ်တောရုံး ဖျက်ဆီးခံရမှု မှတ်တမ်းဓာတ်ပုံများ






မကွေးတိုင်းဒေသကြီး၊ ဆောမြို့နယ်ရှိ စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးရုံး ဖျက်ဆီးခံရမှု မှတ်တမ်းဓာတ်ပုံများ





မကွေးတိုင်းဒေသကြီး၊ ဆောမြို့နယ်ရှိ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းရုံး ဖျက်ဆီးခံရမှု မှတ်တမ်းဓာတ်ပုံများ






**မကွေးတိုင်းဒေသကြီး၊ ဆောမြို့နယ်ရှိ မြို့နယ်စီမံကိန်းရုံး ဖျက်ဆီးခံရမှု မှတ်တမ်းဓာတ်ပုံများ**






**မကွေးတိုင်းဒေသကြီး၊ ဆောမြို့နယ်ရှိ မြို့နယ်စာရင်းစစ်ရုံး ဖျက်ဆီးခံရမှု မှတ်တမ်းဓာတ်ပုံများ**

---

## ပြည်သူများအား ထိုးနှံပေးမည့် COVID ရောဂါ ကာကွယ်ဆေး သယ်ဆောင်လာသည့် လူမှုကူညီရေးယာဉ်အား PDF အကြမ်းဖက်သမားများက မိုင်းဆွဲတိုက်ခိုက်

ဖေဖော်ဝါရီလ ၂ ရက်တွင် စစ်ကိုင်းမြို့နယ်အတွင်းရှိ ပြည်သူများအား ထိုးနှံပေးမည့် COVID ကာကွယ်ဆေးများအား စစ်ကိုင်းမြို့နယ်ကျန်းမာရေးအဖွဲ့မှ တာဝန်ရှိသူများက SGG 4L-3365 နှင့် HSE/1613 နံပါတ်တပ်ဆင်ထားသည့် Toyota Hiace အမျိုးအစားလူမှုကူညီရေးယာဉ် ၂ စီးဖြင့် မုံရွာမြို့ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ထုတ်ယူခဲ့ပြီး မုံရွာ-မန္တလေးကားလမ်းအတိုင်း ပြန်လည်ထွက်ခွာလာခဲ့ရာ ချောင်းဦးမြို့နယ် မိုင်တိုင်အမှတ် ၆၁ မိုင် ၂ ဖာလုံနှင့် ၃ ဖာလုံအကြားအရောက်၌ PDF အကြမ်းဖက်သမားများက လက်လုပ်မိုင်းတစ်လုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် ယာဉ်မောင်းနှင့် ကျန်းမာရေးဝန်ထမ်းများ ထိခိုက်ဒဏ်ရာရရှိမှုမရှိသော်လည်း HSE/1613 ယာဉ်၏ရှေ့လေကာမှန်ကွဲအက်ကာ ယာဉ်၏ဝဲဘက်နောက်ဘီး ပွင့်ထွက်ပျက်စီးခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အလေးအနက်ထားဆောင်ရွက်လျက်ရှိသော်လည်း NUG အဖွဲ့၏စေခိုင်းချက်အရ PDF အကြမ်းဖက်သမားများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အကြမ်းဖက်တိုက်ခိုက်ခြင်း (၃၇)ကြိမ် ပြုလုပ်ခဲ့ပါသည်။ ထိုသို့အကြမ်းဖက်သမားများ၏ လူသားချင်းစာနာစိတ်ကင်းမဲ့သော လုပ်ရပ်များသည် အလွန်အန္တရာယ်ကြီးမားသည့် ဇီဝနည်းအရ အကြမ်းဖက်မှု Bioterrorism ကို ကျူးလွန်ခြင်းဖြစ်၍ နိုင်ငံတကာအသိုက်အဝန်းနှင့် မည်သည့်အဖွဲ့အစည်းကမှ လက်မခံနိုင်သည့် အကြမ်းဖက်လုပ်ရပ်များပင်ဖြစ်ပါသည်။ ယခုကဲ့သို့လုပ်ရပ်များသည် စစ်ရာဇဝတ်မှုကျူးလွန်ရာရောက်သဖြင့် ၎င်းတို့၏




**PDF အကြမ်းဖက်သမားများ၏ မိုင်းဆွဲတိုက်ခိုက်မှုကြောင့် ပျက်စီးခဲ့သော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ သယ်ဆောင်လာသည့် လူမှုကူညီရေးယာဉ်**

လုပ်ရပ်များအား နိုင်ငံတကာမှ ဝိုင်းဝန်းဆန့်ကျင်ကြရန် လိုလားလျက်ရှိပါသည်။

ပြည်သူများအားထိုးနှံပေးမည့် COVID ကာကွယ်ဆေးများ သယ်ဆောင်လာသည့် လူမှုကူညီရေးယာဉ်များအား မိုင်းဆွဲတိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၄-၂-၂၀၂၂)**

- **စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများအားထိုးနှံပေးမည့် COVID ရောဂါ ကာကွယ်ဆေး သယ်ဆောင်လာသည့် လူမှုကူညီရေးယာဉ်အား PDF အကြမ်းဖက်သမားများက မိုင်းဆွဲတိုက်ခိုက်ခဲ့သဖြင့် လူမှုကူညီရေးယာဉ်တစ်စီး အနည်းငယ်ပျက်စီးခဲ့။**

## ဘီးလင်း-နတ်ကြီး ကားလမ်းဘေး၌ လက်လုပ်မိုင်းထောင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွား၍ အကြမ်းဖက်သမား ၁ ဦး သေဆုံး

NUG အဖွဲ့၏ စီစဉ်စေခိုင်းချက်အရ PDF အကြမ်းဖက်သမားများသည် ပြည်သူလူထုအား အကြောက်တရားဖြင့် လွှမ်းမိုးထိန်းချုပ်နိုင်စေရန် အများပြည်သူနှင့်သက်ဆိုင်သောနေရာများအား လက်လုပ်ဗုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ အဝေးထိန်းရီမုမိုင်းထောင်၍ ဖောက်ခွဲခြင်းများကို လုပ်ဆောင်လျက်ရှိပါသည်။ ထိုကဲ့သို့ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရန်အတွက် လက်လုပ်မိုင်းများပြုလုပ်ရာတွင် စနစ်တကျသင်ယူမှုမရှိဘဲ အန္တရာယ်ရှိသည့်ဖောက်ခွဲရေးပစ္စည်းများကို အသိပညာနည်းပါးစွာဖြင့် ကျွမ်းကျင်မှုမရှိဘဲ ပြုလုပ်နေသောကြောင့် မကြာခဏပေါက်ကွဲသေဆုံးနေကြောင်း တွေ့ရှိရပါသည်။

ဖေဖော်ဝါရီလ ၂ ရက်တွင် မွန်ပြည်နယ်၊ ဘီးလင်းမြို့၊ ဘီးလင်း-နတ်ကြီး ကားလမ်းဘေး၌ ပေါက်ကွဲမှုဖြစ်ပွားကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ဘီးလင်း-နတ်ကြီး ကားလမ်းပေါ်ရှိ တံတားအမှတ်(၁/၄)အနီး လမ်း၏ယာဘက် ၃ ပေခန့်အကွာ၌ အကြမ်းဖက်သမား ၁ ဦးက လမ်းဘေးမြေသား၌ အဆိုပါလမ်း

ပေါ် သွားလာလှုပ်ရှားနေသည့် အပြစ်မဲ့ပြည်သူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ထိခိုက်သေကြေ၊ ဒဏ်ရာရရှိစေရန်အတွက် လက်လုပ်မိုင်းထောင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွား၍ ပေါက်ကွဲမှုကြောင့် အဆိုပါအမျိုးသား၏ခန္ဓာ ကိုယ်မှာအပိုင်းပိုင်းပြတ်ကာ သေဆုံးနေပြီး ပေါက်ကွဲထားသည့်နေရာမှ ဓာတ်ခဲအသေး တစ်လုံး၊ ဆားကစ်ပြားတစ်ခုတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပါသည်။

ထိုကဲ့သို့ အပြစ်မဲ့ပြည်သူများအား အကြမ်းဖက်တိုက်ခိုက်ရန်အတွက် လမ်းဘေး၌ မိုင်းတပ်ဆင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွား၍ သေဆုံးခဲ့သည့် အကြမ်းဖက်သမားနှင့်ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ရဲလုပ်ငန်းများနှင့်အညီ သေမှုသေခင်းရေးဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၄-၂-၂၀၂၂)**

- **ဘီးလင်းမြို့၊ ဘီးလင်း-နတ်ကြီး ကားလမ်းဘေး၌ အပြစ်မဲ့ပြည်သူများ ထိခိုက်သေကြေစေရန်ရည်ရွယ်၍ လက်လုပ်မိုင်းတပ်ဆင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွား၍ လက်လုပ်မိုင်းတပ်ဆင်သူ အကြမ်းဖက်သမား ၁ ဦး သေဆုံးခဲ့။**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUGနှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များအားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဆက်လက်ဖော်ထုတ်အရေးယူ

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUGနှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် လိုက်ပါမလုပ်ဆောင်ရန် တားမြစ်ထားသော်လည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့ပြီး အကြမ်းဖက်လုပ်ရပ်များကို အားပေးလုပ်ဆောင်ခဲ့သဖြင့် တရားဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိရာ -

- ဖေဖော်ဝါရီလ ၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၌ ၅ ဦးနှင့် မကွေးတိုင်းဒေသကြီး၌ ၂ ဦး စုစုပေါင်း ၇ ဦး။
- ဖေဖော်ဝါရီလ ၃ ရက်တွင် နေပြည်တော်ပြည်ထောင်စုနယ်မြေ၌ ၁ ဦး၊ ရန်ကုန်တိုင်းဒေသကြီး၌ ၁၄ ဦး၊ မန္တလေးတိုင်းဒေသကြီး၌ ၁၅ ဦး၊ ကရင်ပြည်နယ်၌ ၁ ဦးနှင့် ရှမ်းပြည်နယ်၌ ၂ ဦး စုစုပေါင်း ၃၃ ဦး။
- ဖေဖော်ဝါရီလ ၄ ရက်တွင် နေပြည်တော်ပြည်ထောင်စုနယ်မြေ၌ ၁ ဦး၊ ကရင်ပြည်နယ်၌ ၂ ဦး၊ ပဲခူးတိုင်းဒေသကြီး၌ ၂ ဦးနှင့် ရန်ကုန်တိုင်းဒေသကြီး၌ ၅ ဦး စုစုပေါင်း ၁၀ ဦး။
- ဖေဖော်ဝါရီလ ၅ ရက်တွင် နေပြည်တော်ပြည်ထောင်စုနယ်မြေ၌ ၁ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး၌ ၁ ဦး၊ တနင်္သာရီတိုင်းဒေသကြီး၌ ၁ ဦး၊ ရန်ကုန်တိုင်းဒေသကြီး၌ ၅ ဦးနှင့် ရှမ်းပြည်နယ်၌ ၃ ဦး စုစုပေါင်း ၁၁ ဦး။
- ဖေဖော်ဝါရီလ ၆ ရက်တွင် ပဲခူးတိုင်းဒေသကြီး၌ ၄ ဦး၊ မန္တလေးတိုင်းဒေသကြီး၌ ၇ ဦးနှင့် ရန်ကုန်တိုင်းဒေသကြီး၌ ၄ ဦး စုစုပေါင်း ၁၅ ဦးတို့ကို ဖမ်းဆီးခဲ့ပြီး ဇန်နဝါရီလ ၂၇ ရက်မှ ဖေဖော်ဝါရီလ ၆ ရက်ထိ စုစုပေါင်း ၁၇၇ ဦးအား ဥပဒေနှင့်အညီ အရေးယူထားပါသည်။

ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်ကာ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၇-၂-၂၀၂၂)**

- **ဖေဖော်ဝါရီလ ၂ ရက်မှ ဖေဖော်ဝါရီလ ၆ ရက်ထိ နေပြည်တော်ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး ၆ ခုနှင့် ပြည်နယ် ၂ ခု၌ စုစုပေါင်း ၇၆ ဦးတို့ကို ဖမ်းဆီးခဲ့။**
- **ဇန်နဝါရီလ ၂၇ ရက်မှ ဖေဖော်ဝါရီလ ၆ ရက်ထိ စုစုပေါင်း ၁၇၇ ဦးအား ဥပဒေနှင့်အညီ အရေးယူထား။**
- **လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်ကာ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်။**

# အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ခဲ့သူများ၊ အကြမ်းဖက်အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ထောက်ပံ့နေသူများအား ပြစ်ဒဏ်အသီးသီးချမှတ်

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်တွင် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ခဲ့သူများ၊ အကြမ်းဖက်အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ထောက်ပံ့နေသူများအား ပြစ်ဒဏ်အသီးသီးချမှတ်ရာ-

- ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နေ ထက်ကိုဦး(ခ)ဂတုံးအား ဆူပူဆန္ဒပြမှုများတွင် တက်ကြွစွာပါဝင်လှုပ်ရှားခြင်း၊ အကြမ်းဖက်အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊ လက်နက်ခဲယမ်းများအား (သို့ဝှက်သိမ်းဆည်း/လက်ဝယ်ကိုင်ဆောင်ခြင်း)နှင့် အကြမ်းဖက်ဗုံးဖောက်ခွဲတိုက်ခိုက်မှုဆိုင်ရာပြစ်မှုကို ကျူးလွန်ခဲ့ခြင်းကြောင့် ရာဇသတ်ကြီးပုဒ်မ-၅၀၅(က)(က)နှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ဈ)အရ "ထောင်ဒဏ်တစ်သက်" ပြစ်ဒဏ်ကိုလည်းကောင်း။
- ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်နေ ဝေယံထက်(ခ)နိုင်ကြီးအပါ ၂ ဦးအား အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့သည့်အတွက်ကြောင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(က)အရ "ထောင်ဒဏ်တစ်သက်"ပြစ်ဒဏ်ကို အသီးသီးအမိန့်ချမှတ်ခဲ့ပါသည်။

အဆိုပါ ပြစ်ဒဏ်ချမှတ်ခံရသူများအနက်မှ ထွက်ပြေးလွတ်မြောက်နေသူများအား ၎င်းနှင့်စပ်လျဉ်း၍ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ-၈၇၊ ၈၈ အရ ဖမ်းဝရမ်းထုတ်ဆင့်ရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၄-၂-၂၀၂၂)**

**အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ခဲ့ခြင်းနှင့် အကြမ်းဖက်အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ထောက်ပံ့ခြင်းတို့ကြောင့် "ထောင်ဒဏ်တစ်သက်" ပြစ်ဒဏ်ချမှတ်ခံရသည့် တရားခံများ**



**တရားခံ ထက်ကိုဦး(ခ)ဂတုံး**




**တရားခံ ဝေယံထက်(ခ)နိုင်ကြီး**



**တရားခံ မျိုးမြင့်မြတ်အောင်(ခ)မျိုးကြီး**

- **ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နေ ထက်ကိုဦး(ခ)ဂတုံးနှင့် သဃ်န်းကျွန်းမြို့နယ်နေ ဝေယံထက်(ခ)နိုင်ကြီးအပါ ၂ ဦးတို့အား ဖေဖော်ဝါရီလ ၂ ရက်တွင် ရာဇသတ်ကြီးပုဒ်မ-၅၀၅ (က)(က)နှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(က)/(ဈ)အရ "ထောင်ဒဏ်တစ်သက်" ပြစ်ဒဏ်ကို အသီးသီးအမိန့်ချမှတ်ခဲ့။**

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည်အပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေဖြင့် ထပ်မံအမှုဖွင့်လှစ်အရေးယူ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည်သည် အဂတိလိုက်စားမှုများရှိသောကြောင့် ဥပဒေနှင့်အညီ လိုအပ်သလို စုံစမ်းစစ်ဆေးအရေးယူနိုင်ရန် တိုင်ကြားခြင်းနှင့်စပ်လျဉ်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာတွင် -

- ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဟောင်းထံမှ အမေရိကန်ဒေါ်လာ ၆၀၀,၀၀၀ (ခြောက်သိန်း)နှင့် အကယ်ဒမီအခေါက်ရွှေ ၇ ပိဿာတို့ကို လက်ခံရယူခဲ့ခြင်း။
- ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း (ရုံးချုပ်)ဖွင့်လှစ်ရန် မြေ ၁ ဒသမ ၈၆ ဧကနှင့် အဆောက်အဦတို့ကို ထိုက်သင့်သည့်တန်ဖိုးမပေးဘဲ ငှားရမ်းဆောင်ရွက်ခဲ့ခြင်းကြောင့် ငွေကျပ်သန်း ၅,၂၀၀ ကျော် နစ်နာဆုံးရှုံးခဲ့ခြင်း။
- ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းအတွက် ဥတ္တရသီရိမြို့နယ်ရှိ မြေဧရိယာ ၁၀၁ ဒသမ ၃၃ ဧကနှင့် ပုဗ္ဗသီရိမြို့နယ်ရှိ မြေဧရိယာ ၂၃ ဒသမ ၈၅၅ ဧကကို ထိုက်သင့်သည့် တန်ဖိုးထက် များစွာလျှော့နည်းပေးချေခဲ့ခြင်းကြောင့် ငွေကျပ် ၁၉ ဘီလီယံကျော် နစ်နာဆုံးရှုံးခဲ့ခြင်း။
- ဖောင်ဒေးရှင်းဥက္ကဋ္ဌနေထိုင်ရန် နေအိမ်အဆောက်အဦကို ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းသို့ ထည့်ဝင်လှူဒါန်းထားသော အလှူငွေများထဲမှ ငွေကျပ်သန်း ၁,၆၀၀ ကျော်ကို သုံးစွဲဆောက်လုပ်စေခဲ့ခြင်းတို့ကြောင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၅အရ တရားစွဲဆိုခဲ့ပြီး ရုံးထိုင်စစ်ဆေးလျက်ရှိပါသည်။

ထပ်မံစစ်ဆေးတွေ့ရှိချက်များအရ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည်သည် ပုဂ္ဂလိကလုပ်ငန်းရှင်တစ်ဦးက စီးပွားရေးလုပ်ငန်းများ အဆင်ပြေစေရန်အတွက် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းသို့ ပေးအပ်သည့် အမေရိကန်ဒေါ်လာ ၅၅၀,၀၀၀ (ငါးသိန်းငါးသောင်း)ကို ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်အတွင်း လေးကြိမ်ခွဲ၍ လက်ခံရယူခဲ့ခြင်းတို့ကြောင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည်အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၅ အရ ဖေဖော်ဝါရီလ ၃ ရက်တွင် အမှုဖွင့်လှစ်၍ တရားစွဲဆိုအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၄-၂-၂၀၂၂)**

- **နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည်သည် ပုဂ္ဂလိကလုပ်ငန်းရှင်တစ်ဦးက စီးပွားရေးလုပ်ငန်းများ အဆင်ပြေစေရန်အတွက် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းသို့ ပေးအပ်သည့် အမေရိကန်ဒေါ်လာ ၅၅၀,၀၀၀ (ငါးသိန်းငါးသောင်း)ကို ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်အတွင်း လေးကြိမ်ခွဲ၍ ရာထူးတာဝန်ကို အလွဲသုံးစားပြုကာ လက်ခံရယူခဲ့ခြင်းကြောင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၅ အရ ဖေဖော်ဝါရီလ ၃ ရက်တွင် ထပ်မံအမှုဖွင့်လှစ်အရေးယူ။**

## ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလအတွင်း မူးယစ်ဆေးဝါး ဖမ်းဆီးရရှိမှုများ




**ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ် ၂၄ ဒသမ ၅ ဘီလီယံတန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိမှု**

ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါး နှိမ်နင်းရေးတပ်ဖွဲ့ဝင်များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပူးပေါင်း၍ မူးယစ်ဆေးဝါးဖမ်းဆီးမှုများအား အလေးထားဆောင်ရွက်လျက်ရှိရာ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလအတွင်း အောက်ပါအတိုင်း ဖမ်းဆီးရမိခဲ့ပါသည်-

- ဇန်နဝါရီလ ၁ ရက်မှ ၃၁ ရက်အတွင်း မြန်မာတစ်နိုင်ငံလုံးတွင် ဘိန်း ၇၅.၂၈၅ ကီလို၊ ဘိန်းဖြူ ၂၀၈.၉၆၃ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၃,၅၈၈,၇၁၂ ပြား၊ စိတ်ကြွအကြေ ၀.၁၈၈ ကီလို၊ အိုက်စ် ၃,၃၁၇.၉၀၉ ကီလို၊ ဆေးခြောက် ၂၀.၆၆၉ ကီလို၊ ဘိန်းဆီခဲ ၅၇.၉၉ ကီလို၊ ဘိန်းညိုမှုန့် ၀.၇ ကီလို၊ အဆင့်နိမ့်ဘိန်း ၀.၂၆၁ ကီလို၊ ဘိန်းဆီရည် ၁.၄ လီတာ၊ ဘိန်းစာရွက် ၁၅၇.၄၂၄ ကီလို၊ ဘိန်းစာမှုန့် ၅၃.၂၉၉ ကီလို၊ ဘိန်းစာရည် ၇.၀၅ လီတာ၊ ကတ်တမင်း ၁၃.၅၂ ကီလို၊ ဆိုဒီယမ်ဆိုင်ရာနိုက် ၁၄,၀၅၀ ကီလို၊ အက်သနော ၁၈,၆၀၀ လီတာ၊ စုစုပေါင်း တန်ဖိုးငွေကျပ်သန်းပေါင်း ၁၁၃,၉၂၅.၃၂၅ တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးနိုင်ခဲ့ပြီး တရားခံ အမျိုးသား ၈၂၆ ဦး၊ အမျိုးသမီး ၉၀ ဦး၊ စုစုပေါင်း တရားခံ ၉၁၆ ဦး ဖမ်းဆီးရမိခဲ့ပါသည်။

အထက်ပါဖမ်းဆီးရမိသည့် တရားခံများအား သက်ဆိုင်ရာရဲစခန်းများသို့ လွှဲပြောင်းပေးခဲ့ကာ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မူးယစ်ဆေးဝါးနှိမ်နင်းရေးအဖွဲ့များပူးပေါင်း၍ မူးယစ်ဆေးဝါးကင်းစင်ရေးအတွက် ဆက်လက်ဖော်ထုတ်ဖမ်းဆီးလျက်ရှိပါသည်။

**(မြဝတီသတင်းစာ ၅-၂-၂၀၂၂)**

- **ဇန်နဝါရီလအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မူးယစ်ဆေးဝါးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များပူးပေါင်း၍ မူးယစ်ဆေးဝါးဖမ်းဆီးခြင်းများဆောင်ရွက်ခဲ့ရာ စုစုပေါင်း တန်ဖိုးငွေကျပ်သန်းပေါင်း ၁၁၃,၉၂၅.၃၂၅ တန်ဖိုးရှိ မူးယစ်ဆေးဝါးများနှင့်အတူ တရားခံ ၉၁၆ ဦးအား ဖမ်းဆီးရမိခဲ့။**

## ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလအတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံများ



ကျောက်ဆည်မြို့နယ်တွင် ငွေကျပ် ၁၉ ဒသမ ၈ ဘီလီယံ
တန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်းများ) ဖမ်းဆီးရမိမှု



လွိုင်လင်မြို့နယ်တွင် ငွေကျပ် ၁၇ ဒသမ ၃ ဘီလီယံကျော်
တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း)များ ဖမ်းဆီးရမိမှု



ပြင်ဦးလွင်မြို့နယ်၌ ငွေကျပ် ၂ ဒသမ ၃ ဘီလီယံကျော်တန်ဖိုးရှိ
မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိမှု



နောင်ချိုမြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၅ ဘီလီယံတန်ဖိုးရှိ
စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိမှု



မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်တွင်
ငွေကျပ် ၁ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူများ ဖမ်းဆီးရမိမှု



ပြင်ဦးလွင်မြို့နယ်တွင် ငွေကျပ်သိန်း ၈,၀၀၀ ကျော်တန်ဖိုးရှိ
မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိမှု